> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၂၆၄)
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ အင်္ဂါနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာဖူးမြော်နိုင်ရန် တည်းကျောင်းပေါင်း ၆၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်မည်

မင်းဘူး ဇန်နဝါရီ ၆

ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မင်းဘူးမြို့နှင့်ဆက်စပ်နေသည့် အထင်ကရနေရာများသို့ လာရောက်လေ့လာလည်ပတ်မှုများပြားနိုင်ကြောင်း ရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

"မန်းရွှေစက်တော်ဘုရားပွဲကို နွေရာသီရုံးပိတ်ရက်တွေမှာဆို ကျွန်တော်တို့ **စာမျက်နှာ ၇ ကော်လံ ၅ ○**

| **(၆-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)** | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀)ကျပ်ဖြစ်သည်။** **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |
|---|---|

## ဘဝခရီးကို အောင်မြင်စွာလျှောက်လှမ်းနိုင်ဖို့ စာဖတ်ခြင်းအနုပညာ

ဆောင်းပါး စာ - ၁၃ သို့

## စစ်ကိုင်းတိုင်းဒေသကြီး၌ ဆောင်းသီးနှံပဲကြီးဧက ၁၃၇၄၀ စိုက်ပျိုးပြီးစီး၊ တောင်သူများဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

စာ - ၇ သို့

## မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်၊ ရေပျော်ငှက်နှင့် ငှက်မျိုးစိတ် ၁၁၅ မျိုး ဝင်ရောက်ကျက်စားနေ

ရန်ကုန် ဇန်နဝါရီ ၆

ကမ္ဘာ့ဆောင်းခိုငှက်မျိုးစိတ်များ ကျက်စားရာ ရမ်ဆာရေဝပ်ဒေသ(Ramsar Site) တစ်ခုဖြစ်သည့် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်၊ ဌာနေရေပျော်ငှက်နှင့် ငှက်မျိုးစိတ် ၁၁၅ မျိုး ဝင်ရောက်ကျက်စားနေကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှသိရသည်။ **စာမျက်နှာ ၁၆ ကော်လံ ၄ ■**





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်)

# မြန်မာနိုင်ငံ၏ရေကြောင်းကဏ္ဍသမိုင်းအစ

မြန်မာနိုင်ငံသည် မြစ်များချောင်းများပေါများပြီး ပင်လယ်ဆိပ်ကမ်းမြို့များကိုပိုင်ဆိုင်သော နိုင်ငံဖြစ်သည်။ ရှေးယခင်နှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံသားတို့သည် ရေကြောင်းခရီးဖြင့်သာ အဓိကသွားလာကာ ကူးသန်းရောင်းဝယ်မှုပြုခဲ့ကြသည်။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိကကျသည့်ကဏ္ဍမှပါဝင်လျက်ရှိသည်။ အဆိုပါပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှုမှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့်ကဏ္ဍလည်းဖြစ်သည်။

ကုန်စည်ပို့ဆောင်မှုအပိုင်းတွင် ရေလမ်းမှပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစုတစည်းတည်း ပို့ဆောင်နိုင်သည်။ ကုန်ကျစရိတ်ပိုမိုသက်သာသည်။ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ကုမ္ပဏီ၏အုပ်ချုပ်မှုအောက်သို့စတင်ထည့်သွင်းခဲ့သည်။ ၁၉၄၈ ခုနှစ် ဇွန်လ ၁ ရက်တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီက နိုင်ငံပိုင်ဖြစ်လာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁ ရက်တွင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် **“မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက်ဧရာဝတီမြစ်ဝှမ်းအထိ ကူးသန်းသွားလာမှုများစွာအထောက်အကူပြုနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေး ထိထိရောက်ရောက်အသုံးချနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပင်လယ်လမ်းကြောင်းတစ်လျှောက် ကူးသန်းသွားလာမှုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေးအတွက်လိုအပ်မည့် ဈေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့်ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကိုမြှင့်တင်ပေးရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏လမ်းပန်းဆက်သွယ်ရေးတွင် လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ၊ ရထားလမ်းများ၊ ချောင်းကူး မြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင်တည်ဆောက်ခဲ့သဖြင့် လက်ရှိကာလ ခရီးသည်ပို့ဆောင်ရေးအတွက် အဆင်ပြေချောမွေ့လွယ်ကူသည်။ ထို့ပြင် ကုန်စည်ပို့ဆောင်မှုအပိုင်းတွင် ရေလမ်းမှပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစုတစည်းတည်းပို့ဆောင်နိုင်ပြီး ကုန်ကျစရိတ်ပိုမိုသက်သာနေဆဲဖြစ်သည်ကို တွေ့ရသည်။ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိဆဲပင်ဖြစ်ကြောင်း တွေ့မြင်နေကြရသည်။

ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးသင်္ဘောကျင်းကြီးတစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များကို စီမံချက်နှင့်အညီမွမ်းမံခြင်း၊ ပို့ဆောင်မှုလိုအပ်ချက်နှင့် ဒေသရေကြောင်းအခြေအနေလိုအပ်ချက်များအရ ရေယာဉ်ပုံစံထုတ်လုပ်ခြင်းနှင့်တည်ဆောက်ပေးခြင်း၊ ရေယာဉ်သစ်တည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုများတွင်လိုအပ်သောရေယာဉ်ဆိုင်ရာပစ္စည်းများနှင့် စက်ပိုင်းဆိုင်ရာပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ တီထွင်စမ်းသပ်ပေးခြင်း၊ အခြားဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ရေယာဉ်များကို တည်ဆောက်ပြင်ဆင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

ဒလသင်္ဘောကျင်းသည် အလွန်ရှေးကျသော သမိုင်းဝင်သင်္ဘောကျင်းဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများ၊ လွန်းကျင်းလွန်းလမ်းများ၊ စက်ကိရိယာများ အိုမင်းဟောင်းနွမ်းကာ စွမ်းဆောင်ရည် လျော့နည်းလျက်ရှိသည်။ ထိုအခြေအနေကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ လွန်းကျင်းလွန်းလမ်းများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ စက်ကိရိယာအသစ်များတပ်ဆင်ခြင်း၊ အဆောက်အအုံများ ပြန်လည်မွမ်းမံခြင်းများဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ဒလသင်္ဘောကျင်းအနေဖြင့် တိုးတက်ဖြစ်ထွန်းလာသော လူသားအရင်းအမြစ်အားအခြေခံကာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏အနာဂတ်ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်နေမည်ဖြစ်သည်။ သမိုင်းအထောက်အထားများအရ ဒလသင်္ဘောကျင်းသည် **“ခေတ်မီသင်္ဘောကျင်းအစ ဒလက”** ဟု ခေါ်ဆိုမှတ်တမ်းတင်မော်ကွန်းပြုရမည့် သင်္ဘောကျင်းလည်းဖြစ်ပေရာ မြန်မာနိုင်ငံ၏ရေကြောင်းသမိုင်းအစမှသည်နောင်နှစ်ပေါင်းများစွာ ပိုမိုတိုးတက်ဖွံ့ဖြိုးကာ အစဉ်အလာကြီးမားသည့် သင်္ဘောကျင်းတစ်ခုအဖြစ် နှစ်ပေါင်းရှည်ကြာစွာတည်တံ့ပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## ကျေးရွာဖွံ့ဖြိုးရေး ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

မိတ္ထီလာ ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေး ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဆည်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းမှငွေကျပ်သန်း ၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၆၉ သန်းဖြင့် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ကွန်ကရစ်လမ်း ရေရှည်ထိန်းသိမ်းနိုင်မည့်အစီအစဉ်များ ချမှတ်သွားရန် ရှင်းလင်းပြောကြားကြောင်းသိရသည်။ (၆၀၂)

| | | |
|---|---|---|
| **သဇင် (FM) အသံလွှင့်အစီအစဉ်** ၇-၁-၂၀၂၅(အင်္ဂါနေ့) | ၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| | ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| | ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဂေါ်ရန်ဂျီကျွန်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၅၀၀ ကျော် လာရောက်လည်ပတ်ခဲ့



ပုသိမ် ဇန်နဝါရီ ၆

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ နံ့သာပုကျေးရွာအနီးရှိ ဂေါ်ရန်ဂျီကျွန်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ၅၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဂေါ်ရန်ဂျီကျွန်းသို့ လာရောက်ကြသော ခရီးသွားဧည့်သည်အများစုမှာ ပြည်တွင်းခရီးသွားများဖြစ်ကြပြီး ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ခရီးသွားဧည့်သည်များနှင့် ဂေါ်ရန်ဂျီကျွန်းအနီးဝန်းကျင်ရှိ မြို့၊ ရွာများမှ ဒေသခံပြည်သူများ အများဆုံးလာရောက်လည်ပတ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် နှစ်သစ်ကူးပိတ်ရက်များတွင် ကမ်းခြေသို့ လာရောက်ကြသော ခရီးသွားဧည့်သည်များ ပိုမိုများပြားပြီး ထိုခရီးသွားများ ပျော်ရွှင်စေရန်အတွက် ဂေါ်ရန်ဂျီကျွန်းကမ်းခြေအနီးတွင် မီးပုံပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

"ခရီးသွားတွေ အများဆုံးလည်ပတ်ကြတဲ့ နေရာတွေကတော့ ငရုတ်ကောင်းမြို့နဲ့ ဆက်စပ်နေတဲ့ ဒရယ်ကျွန်းကမ်းခြေ၊ ဂေါ်ရန်ဂျီတောင်ပေါ်ဘုရား၊ ကျောက်ခြေထောက်ကမ်းခြေ၊ စပါးထားကျွန်း၊ လိပ်ကျွန်း၊ ပန်းကန်ကျွန်း၊ ကုလားမချိုင် စတဲ့နေရာတွေကို သွားရောက်လည်ပတ်ကြပါတယ်။ အဲဒီနေရာတွေမှာဆိုရင် ရှုခင်းတွေက အတော်လှပပြီးတော့ ခရီးသွားဧည့်သည်တွေက ရေကူးတာ၊ ငါးမျှားတာ၊ အလှဓာတ်ပုံရိုက်တာတွေ လုပ်ကြပါတယ်" ဟု ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် ပင်လယ်ကမ်းခြေအတွင်းရှိ ကျွန်းများ၏အလှအပများကို သွားရောက်ကြည့်ရှုခံစားလိုသူများအတွက် Speed Boat များဖြင့် သွားရောက်လည်ပတ်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အပြင် ရေအောက်မှ သဘာဝအလှတရားများကို ကြည့်ရှုလေ့လာလိုသော ခရီးသွားများကိုလည်း ရေငုပ်နိုင်သော အန္တရာယ်ကင်းသည့်ကျွန်းများသို့ Speed Boat များဖြင့် သွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဆောင်းဦး

# ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၅၇၆၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေရေး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ပုသိမ် ဇန်နဝါရီ ၆

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၅၇၆၄ ဧက လျာထား စိုက်ပျိုးမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေရေး တောင်သူအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၅၇၆၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး အဆိုပါ ၅၇၆၄ ဧကကို ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ်၌ ၁၁၂ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ၈၅ ဧက၊ သာပေါင်းမြို့နယ်၌ ၁၇၉၁ ဧက၊ ငပုတောမြို့နယ်၌ ၃၇၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

''ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်မှာ တောင်သူတွေ ဖူးစားပြောင်းအခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာနဲ့ တခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်''ဟု ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်ခရိုင်၌ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးမည့် ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

# အောင်လံမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ လက်ရှိအချိန်ထိ လမ်း တံတား တည်ဆောက်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ၃၀၁ ခု ဆောင်ရွက်ပေးထား

အောင်လံ ဇန်နဝါရီ ၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အောင်လံမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လက်ရှိအချိန်ထိ လမ်း၊ တံတား တည်ဆောက်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ၃၀၁ ခု ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ လက်ရှိအချိန်ထိ လမ်းလုပ်ငန်း ၁၁၅ ခု၊ တံတားလုပ်ငန်း ၆၀၊ ရေမြောင်းလုပ်ငန်း ၄၀၊ တခြားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၇၃ ခုနှင့် မြို့ရေပေးရေးလုပ်ငန်း ၁၃ ခု စုစုပေါင်းလုပ်ငန်း ၃၀၁ ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ် ၅၈၄၁ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ကြီးကြပ်ဆောင်ရွက်မှုနဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကစပြီး မြို့တွင်းမှာရှိတဲ့ လမ်းတွေက ပေ ၄၀ အကျယ်လမ်းတွေ ဖြစ်လာပြီး လမ်းအများစုက ကွန်ကရစ်လမ်းတွေ ဖြစ်လာပါတယ်။ မြို့ပတ်လမ်းဆိုရင်လည်း အရှည် ၃ ဒသမ ၄ ဖာလုံလောက်အထိ ခင်းကျင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကနေ လက်ရှိအချိန်ထိ လမ်း၊ တံတား တည်ဆောက်ခြင်းနဲ့ ရေမြောင်းတူးဖော်ခြင်းအပါအဝင် စုစုပေါင်းလုပ်ငန်း ၃၀၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းနိုင်ကပြောသည်။

ယခင်က အောင်လံမြို့ပေါ်ရှိ အဓိကလမ်းများဖြစ်သော မြို့ပတ်လမ်း၊ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းများအပါအဝင် လမ်းတချို့သည် သွားလာရန် အခက်အခဲများရှိခဲ့ပြီး ယခုအခါ မြို့ပေါ်ရှိလမ်းများအားလုံးနီးပါးကို ပေ ၄၀ အကျယ်လမ်းများအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အောင်လံမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ကာ သာယာလှပစေရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်စေရေး၊ ခရီးသွားပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ် စီမံချက်များချမှတ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## အနိုင်ကျင့်ခံရပုံ

အထက်တွင် ဖော်ပြခဲ့ဖူးသည့်အတိုင်း ကျွန်ုပ်မှာ (ထိုခေတ်က ကျောင်းသားသူငယ်တို့၏ကစားနည်းဖြစ်သည့်) 'ပေသီးပစ်ခြင်း'၌ လက်ဖြောင့်ခြင်းအတွက်ကြောင့် အများအားဖြင့် နိုင်တတ်သူဖြစ်သည်။ ပိုက်ဆံတစ်ပြားလျှင် ပေသီး (ဂေါ်လီ) ၁၀ လုံးရ၍ ကစားကြရာတွင် တစ်နေ့လျှင် ပိုက်ဆံနှစ်ပြား၊ သုံးပြားစသည်ဖြင့် နေ့တိုင်းလိုပင် နိုင်လေ့ရှိ၏။ ကျွန်ုပ်အား မိဘများက တစ်နေ့လျှင်မုန့်ဖိုးပိုက်ဆံနှစ်ပြားပေးလေ့ရှိရာ ပေသီးပစ်ခြင်းမှ နိုင်ရခြင်းကြောင့် တစ်ပဲ ငါးပြားသုံးနေရ၏။ ပေသီးပစ်ကြရာတွင်လည်း ခပ်ကြီးကြီးကျောင်းသားဝိုင်းနှင့် ကလေးဝိုင်းဟူ၍ နှစ်ဝိုင်းရှိရာ ကလေးဝိုင်းတွင်မူ အထက်ပါ ကျောင်းသားတစ်ယောက်မှ တစ်ပါး ကျွန်ုပ်သည် လက်အဖြောင့်ဆုံးဖြစ်၏။ ထိုကျောင်းသားသည် ကျွန်ုပ်အား သူနှင့် နှစ်ယောက်တည်းကစားရန် သွေးဆောင်လေရာ ကျွန်ုပ်မှာလည်း လူအကလေးတစ်ယောက်မဟုတ်သောကြောင့် ငြင်းပယ်ခဲ့၏။ သို့ရာတွင် ထိုသူငယ်သည် ကျွန်ုပ်ထက် အသက်သုံးနှစ်ခန့်ကြီးသည်ဖြစ်၍ ကျွန်ုပ်အား ချော့ချည်တစ်ခါ၊ မြူချည်တစ်လှည့်၊ ခြောက်ချည်တစ်မျိုးဖြင့် နေ့ရှိသမျှ ကပ်၍နှူးနှပ်လေရကား ကျွန်ုပ်မှာ သူနှင့်ကစားရန် သဘောတူမိလေတော့သည်။ တစ်ခါတစ်ရံ သူက ညစ်သည်နှင့် ကျွန်ုပ်မခံနိုင်ဘဲ သတ်ပုတ်ကြရာတွင် ခုနစ်နှစ်သားနှင့် ၁၀ နှစ်သားဖြစ်သောကြောင့် ကျွန်ုပ်ပင် နာ၍ ရှုံးရလေသည်။ ဤကဲ့သို့ ဖြစ်ရဖန်များလတ်သော် ကျွန်ုပ်မှာ သူနှင့် မကစားဘဲလည်း မနေရ၊ ကစားတိုင်းလည်း ရှုံးရသည်သာဖြစ်သောကြောင့် ကျွန်ုပ်ရခဲ့သော မုန့်ဖိုးပိုက်ဆံနှစ်ပြားမှာ တစ်ပြားဖိုးမျှ မုန့်မစားရဘဲ သူ့လက်ထဲသို့ ရောက်သွားပါလေတော့သည်။

သို့ဆိုလျှင် လွတ်မြောက်ရန် နည်းလမ်းမရှိသလော။ ဆရာတော်အား အဘယ်ကြောင့် မလျှောက်ထားသနည်းဟုမေးရန်ရှိ၏။ ဘုန်းကြီးကျောင်းသားဟူသည်မှာ ဘုန်းကြီးအား ဘယ်မျှလောက်ကြောက်ရသည်ကို ဘုန်းကြီးကျောင်းသားများသာ သိကြပေလိမ့်မည်။ ကျွန်ုပ်သည် ဆရာတော်၏ လက်သပ်မွေးတပည့်ကလေးတစ်ယောက်ပင်ဖြစ်သော်လည်း လျှောက်ထားတိုင်တောခြင်းမပြုဝံ့ချေ။ တစ်ခါကသည်းမခံနိုင်လှသဖြင့် ဆရာတော်အား လျှောက်ထားတိုင်တန်းရာတွင် ဆရာတော်သည် ထိုသူငယ်အား ရိုက်ဖူး၏။ သို့ရာတွင် ထိုသူငယ်သည် ဤအတွက်ကြောင့် ကျွန်ုပ်အပေါ်၌ တိုး၍ ဆိုးလာလေရာ ဆရာတော်အား လျှောက်ထားရန်ပင် မဝံ့ဘဲရှိတော့သည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဟုမေးပါမူ ဘုန်းကြီးကျောင်းသားတစ်ယောက်အနေဖြင့် ဆရာတော်အား နားပူရမည်ကို ကြောက်သည့်အတွက်ဟု ဖြေဆိုရပေမည်။

## ကျောင်းလက်ဖွေ့ပွဲများ

ထိုကျောင်းသားသည် ကျွန်ုပ်အပေါ်၌ ဆိုးသည်ထက် ဆိုးလာသေး၏။ သူနှင့် ပေသီးပစ်ကြသဖြင့် ကျွန်ုပ် မုန့်ဖိုးပိုက်ဆံနှစ်ပြားကုန်၍ ကျောင်းတက်ချိန် မရောက်သေးသည့်အခါ သူက ပေသီးများ ထုတ်ချေးပြီး ဆက်လက်ကစားဖို့ မျက်နှာချိုသွေးလေရာ ကျွန်ုပ်မှာ သူ့ကို ရွံ့သည်နှင့် မငြင်းဝံ့ဘဲ ဆက်လက်၍ ကစားရ၏။ ပိုက်ဆံတစ်ပြားဖိုး အကြွေးတင်သွားသောအခါ နက်ဖြန်တွင် အရင်းတစ်ပြား၊ အတိုးတစ်ပြားဟုဆိုကာ ကျွန်ုပ်ထံမှ ပိုက်ဆံနှစ်ပြားတောင်း၏။ မပေးဟု ငြင်းလျှင် လှ၍ယူ၏။ 'ဘုန်းကြီးကိုလျှောက်ရင် မင်းသေပေတော့'ဟု ကျွန်ုပ်အား ခြိမ်းခြောက်သေး၏။ ကျွန်ုပ်မှာ ၎င်းအရွယ်တွင် မိခင်၏သတ္တိမျိုးမရှိ၊ ဖခင်၏ ပျော့ညံ့သောစိတ်မျိုးရှိဟန်တူသည်။ သို့နှင့်ပင် ရွယ်တူချင်းဖြစ်ပါက ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အလျှော့မပေးဘဲ တွယ်သတ်ခဲ့ဖူးသည့် အကြိမ်ပေါင်းလည်း များခဲ့လှပါပြီ။ ထိုခေတ်မှာ ဤခေတ်နှင့်မတူအောင် ကျောင်းသားချင်း သတ်ပုတ်ထိုးကြိတ်ကြခြင်းမှာ နေ့တိုင်းကိစ္စဖြစ်သည်။ ဆရာတော်အား မလျှောက်စတမ်းဆို၍ သဘောတူသတ်ပုတ်ကြသော လက်ဝှေ့ပွဲကလေးများမှာ တစ်နေ့လျှင် တစ်ပွဲနှစ်ပွဲရှိမြဲဖြစ်၏။ ထိုခေတ်က နိုင်ငံကျော်လက်ဝှေ့သမားကြီးများ ဖြစ်ကြသည့် မိုးကြိုး၊ ပေါ်သိုင်း၊ ကျားပျံ၊ ကျားနက် စသူတို့ကလည်း အိမ်တော်ရာဘုရားမြောက်ဘက်ရှိ ဘုရားငုတ်တိုအနီးတွင် ရုံသွင်းလျက်ရှိရာ ကျောင်းသားကြီးများသည် ကျောင်းသားကလေးနှင့် ကျောင်းသားလတ်များကို မြှောက်ပေး၍ 'မင်းက မိုးကြိုးကွ၊ မင်းက ပေါ်သိုင်းကွ၊ မင်းက ပေါင်ဖြူ ဘေကွ၊ မင်းက အုတ်နဲ့ပုတ်ဖိုးတုတ်ကွ'စသည်ဖြင့် နာမည်ကြီးများ မှည့်ပြီးလျှင် ရွယ်တူချင်းတွဲပေးကာ ထိုးသတ်စေ၏။ သတ်ပုတ်ကြစဉ်အတွင်း ၎င်းတို့က လက်ဝှေ့ဆိုင်းအသွားမျိုးကို ပါးစပ်ဖြင့် တီးပေးကြရာ ကလေးများလည်း မိုက်စိတ်ဝင်၍ သဲသဲမဲမဲ ထိုးသတ်ကြလေတော့သည်။ ဤသို့ဖြင့် ကျွန်ုပ်ကဲ့သို့သော ကျောင်းသားငယ်ကလေးများမှာ နှုတ်ခမ်းစုတ်ပြတ်ခြင်း၊ နဖူးရောင်ခြင်း၊ မျက်ကွင်းညိုခြင်း စသည့်ဒဏ်ရာဒဏ်ချက်များနှင့် အိမ်သို့ပြန်ကြရသည်က များလေသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့ ကျောင်းသားငယ်ကလေးများမှာ 'တိုက်ကြက်'ကလေးသဖွယ် 'ခွပ်'ဖို့ ဦးမလေးဘဲ ဖြစ်ကုန်ကြလေပြီ။

## အမျိုးမျိုး ညှဉ်းဆဲပုံ

ကျွန်ုပ်သည် သတ်ပုတ်ခြင်းအလုပ်၌ 'ရွယ်တူလျှင် လူမရွေး'ဆိုသောအဖြစ်သို့ ရောက်ခဲ့သော်လည်း ကျွန်ုပ်၏ ကံဆိုးခြင်းတစ်ခုမှာ ကျွန်ုပ်ထက်ကြီးသော အထက်ပါကျောင်းသားက (ကျွန်ုပ်အား မနာလိုသည့် လက္ခဏာနှင့်) ကပ်၍ ညှဉ်းဆဲမှု ခံရခြင်းပင်ဖြစ်၏။ ကျွန်ုပ်သည် သူ၏အကြွေးကို နေ့တိုင်း အရင်းတစ်ပြား၊ အတိုးတစ်ပြား ဆပ်ရ၍ မုန့်ဖိုးရသော ပိုက်ဆံနှစ်ပြားအနက်မှ တစ်ပြားဖိုးမျှ မုန့်ဝယ်မစားရဘဲ အငတ်နေရသည့်အထဲကပင် သူ၏အကြွေးများသည် နေ့တိုင်းတက်လျက်သာရှိ၏။

> "ဘုန်းကြီးကျောင်းသားဟူသည်မှာ ဘုန်းကြီးအား ဘယ်မျှလောက်ကြောက်ရသည်ကို ဘုန်းကြီးကျောင်းသားများသာ သိကြပေလိမ့်မည်။ ကျွန်ုပ်သည် ဆရာတော်၏ လက်သပ်မွေး တပည့်ကလေးတစ်ယောက်ပင်ဖြစ်သော်လည်း လျှောက်ထားတိုင်တောခြင်းမပြုဝံ့ချေ။ တစ်ခါကသည်းမခံနိုင်လှသဖြင့် ဆရာတော်အား လျှောက်ထားတိုင်တန်းရာတွင် ဆရာတော်သည် ထိုသူငယ်အား ရိုက်ဖူး၏။ သို့ရာတွင် ထိုသူငယ်သည် ဤအတွက်ကြောင့် ကျွန်ုပ်အပေါ်၌ တိုး၍ ဆိုးလာလေရာ ဆရာတော်အား လျှောက်ထားရန်ပင် မဝံ့ဘဲရှိတော့သည်. . ."

ပိုက်ဆံနှစ်ပြားခန့် ကြွေးတင်မိသည်ဆိုလျှင် ပေးဆပ်၍ ပြေသည်မရှိတော့ဘဲ တစ်မူး၊ တစ်မတ်၊ သုံးမူး၊ ငါးမူး စသည်ဖြင့် တက်၍တက်၍သာ သွားတော့၏။ အချို့သော ကျောင်းသားကြီးများသည် ကျွန်ုပ်ကိုသနားကြ၍ ကျွန်ုပ်ဘက်မှ ခုခံကာကွယ်ပြောပေးကြရာ ထိုတစ်ရက်အတွက်သာ ကျွန်ုပ်အဖို့ သက်သာရာရ၍ မုန့်ကလေးနှစ်ပြားဖိုးဝယ်စားရ၏။ ခများများကလည်း နေ့တိုင်းစောင့်၍ ပြောပေးနိုင်ကြသည်မဟုတ်သောကြောင့် နောက်နေ့များတွင် ကျွန်ုပ်မှာ မုန့်ငတ်မြဲတိုင်း ငတ်ရပြန်၏။ နောက်ဆုံးတွင် ကျွန်ုပ်၏ဖြစ်အင်သည် ဆရာတော်နားသို့ပေါက်ရောက်၍ ကျွန်ုပ်၏ဖခင်ကိုမှာယူပြီးလျှင် ထိုကျောင်းသား၏အကြွေးများကို ပေးဆပ်စေရာ တစ်ကြိမ်လျှင် ငါးမူး၊ ခြောက်မူး၊ သုံးမတ် စသည်ဖြင့် ပေးဆပ်ရ၏။ ကြွေးဆပ်ပြီးခါစရက်များတွင် ကျွန်ုပ်အလွန်ပျော်မိခြင်းကို မှတ်မိသေးသည်။ သို့ရာတွင် ကြာရှည်စွာမဟုတ်ချေ။ ထိုကျောင်းသားသည် ကျွန်ုပ်အား အမျိုးမျိုးသောနည်းဖြင့် ချော့မော့နှူးနှပ်ခြိမ်းခြောက်လေရာ ရက်သတ္တပတ်အတွင်းတွင် ဘယ်လိုကဘယ်လိုဖြစ်သည် မမှတ်မိ၊ သူ၏အကြွေးနှစ်ပြားမျှ တင်သွားလေပြီ။ သို့ဆိုလျှင် နေ့စဉ် နှစ်ပြားပေးဆပ်သည့်အထဲမှ တစ်မတ်၊ ငါးမူးဖြစ်သွားအောင် သူ၏အတိုးနှုန်းနှင့် ဖလှယ်လိုက်ပြန်လေတော့သည်။ ထိုအခါတွင် သတင်းပေါက်ကြားပြန်၍ ဖခင်က ကြွေးဆပ်ရပြန်လေရာ ထိုသို့သော အကြိမ်မျိုးမှာ လေးငါးကြိမ်ထက်နည်းမည် မထင်ပေ။ ပထမ၌ ဖခင်သည် ကျွန်ုပ်ငယ်လွန်းသောအဖြစ်ကြောင့် ကြည်ဖြူစွာ ပေးဆပ်ရှာသော်လည်း နောက်အကြိမ်များ၌မူ ကျွန်ုပ်အား ရိုက်နှက်လေတော့သည်။ ဖခင်၏ ရိုက်နှက်ခြင်းများသည် မသက်သာလှခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# အင်္ဂပူမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပြခန်းများနှင့် ပြိုင်ပွဲများကျင်းပ



အင်္ဂပူ ဇန်နဝါရီ ၆

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံ့အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြှင့်မားလာစေရန်ရည်ရွယ်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပြခန်းများနှင့် ပြိုင်ပွဲများကို ဇန်နဝါရီလ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများမှာ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများဖြစ်ပြီး ယင်းပြိုင်ပွဲများတွင် အင်္ဂပူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ခါးလှည့်ကွင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆန်ကောရွက်၊ စကားပုံဆက်နှင့် အရုပ်ဆက်ပြိုင်ပွဲများ ပါဝင်သည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုနိုင်ရန် လှပသာယာပြည်မြန်မာဓာတ်ပုံပြခန်းနှင့် ဖွံ့ဖြိုးဝေစည် ဧရာဝတီ ပြိုင်ပွဲဝင်ဓာတ်ပုံပြခန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်ပြခန်း၊ အခြေခံပညာဦးစီးဌာနမှ သင်ထောက်ကူပြခန်း၊ ပန်းချီပြခန်း၊ ထူးကြီးကြီးပွားရေးစာကြည့်တိုက်ပြခန်း၊ ကြက်ခြေနီပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်အရောင်းဆိုင်နှစ်ဆိုင်မှ သင့်တင့်သောဈေးနှုန်းဖြင့် စာအုပ်များကို ရောင်းချပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသူများက လေ့လာကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဌေးနှင့်အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မန်းကျော်(အင်္ဂပူ ပြန်/ဆက်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပပြီးစီးမှုနှင့် ပတ်သက်သည့် ဦးစီးကော်မတီလုပ်ငန်းသုံးသပ်အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပြီးစီးမှုနှင့်ပတ်သက်သည့် ဦးစီးကော်မတီ လုပ်ငန်းသုံးသပ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိသာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဆပ်ကော်မတီများမှ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး က ယခင်နှစ် (၂၄)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၂၃၀၆ ဦး ယှဉ်ပြိုင်ခဲ့ပြီး ယခု (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၄၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ပြိုင်ပွဲဝင်အင်အား ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ်တွင် အချို့သောဘာသာရပ်များ၌ ဆုအရေအတွက် ပိုမိုချီးမြှင့်ပေးခဲ့သဖြင့် ပြိုင်ပွဲဝင်များ၏ စိတ်ဓာတ်ခွန်အားကို ဖြစ်စေခဲ့ပြီး ပြိုင်ပွဲဝင်များအတွက် ရွှေ၊ ငွေ၊ ကြေးနှင့် ဒိုင်းတံဆိပ်ဆု စုစုပေါင်း ၅၅၀ ကို ချီးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ အကြံပြုသုံးသပ်ချက်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားတို့၏ ရိုးရာတူရိယာများကို စုပေါင်းတီးခတ်ဖျော်ဖြေနိုင်ရန်အတွက် ဦးဆောင်ကြိုးပမ်းဖန်တီးပုံဖော်ဆောင်ရွက်ခဲ့သော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၅၀၀)

## အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိအမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် မန္တလေး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၇၉ ခုနှစ်မှစတင်၍ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းကာ စက်မှုသင်တန်းကျောင်းများဖွင့်လှစ်ပြီး စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုအခါ အထည်ချုပ်ကဏ္ဍအတွက် အထည်ချုပ်သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အဝတ်အထည်ချုပ်လုပ်မှုသင်တန်းခန်းမအတွင်းရှိ သင်ထောက်ကူပစ္စည်းများ၊ အဝတ်အထည်ချုပ်လုပ်မှုနှင့်ပတ်သက်၍ သင်ကြားပေးနေမှုတို့ကို လှည့်လည်အားပေးကြည့်ရှုကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)၌ ဇီဝထုတ်ကုန် အပင်အားဖြည့်ဆေးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေး

ကျောက်ဆည် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)၌ အပင်များပြောင်းရွှေ့စိုက်ပျိုးခြင်းနှင့် ရောဂါပိုးမွှားများ ကြိုတင်ကာကွယ်ခြင်းတို့တွင် အသုံးပြုနိုင်ရန်အတွက် ရွှေစိမ်း၊ ရွှေဆည်ရည်၊ ရွှေပိုးနှင်ဆေး စသည့်ဇီဝထုတ်ကုန်အပင်အားဖြည့်ဆေးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇီဝထုတ်ကုန်အပင်အားဖြည့်ဆေးများသည် အပင်ကြီးထွားမှုအဆင့်ဆင့်ကို လှုံ့ဆော်ပေးနိုင်သည့် ရေငန်ပုစွန်ခွံမှ သဘာဝဘေးထွက်ပစ္စည်းဖြစ်သော ဓာတုနည်းဖြင့်ရရှိသည့် ခိုင်တိုစန်ဓာတ်ပေါင်းကိုအခြေခံ၍ တခြားသဘာဝပစ္စည်းများဖြစ်သော ငါးအမိုင်နိုအက်စစ်နှင့် ဝါးရှလကာရည်တို့ကို ထည့်သွင်းပေါင်းစပ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယင်းဇီဝဆေးများအသုံးပြုခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်း၊ လူ၊ အပင်နှင့် တိရစ္ဆာန်များအတွက် အန္တရာယ်ကင်းကာ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်မပျက်စီးစေဘဲ ရေရှည်ထိန်းသိမ်းနိုင်ပြီး ဈေးနှုန်းချိုသာစွာဝယ်ယူအသုံးပြုနိုင်ခြင်း၊ သီးပင်စားပင်/ပန်းမန်များကြီးထွားသန်မာခြင်း၊ ခူးဆွတ်ပြီး ရေရှည်သိမ်းဆည်းနိုင်ခြင်းနှင့် ဓာတုအဆိပ်အတောက်ဖြစ်မှုကင်းဝေးစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများကို မပျက်စီးစေဘဲ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ရေရှည် ဟန်ချက်ညီစွာထိန်းသိမ်းနိုင်ပြီး စပါး၊ ကောက်ပဲသီးနှံအမျိုးမျိုးနှင့် သီးပင်စားပင်များအတွက်အကျိုးရှိသော ဇီဝထုတ်ကုန် အပင်အားဖြည့်ဆေးရည်များဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# သာယာဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

သာယာဝတီ ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဥပဒေပညာသင်ကြားနိုင်ရေးအတွက် Grade-11 နှင့် Grade- 12 သင် ဆရာ၊ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၆ ရက်တွင် သာယာဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများတွင် ဥပဒေပညာသင်ကြားနိုင်ရေးအတွက် Grade-11 နှင့် Grade-12 အဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် သင့်လျော်မည့် ဥပဒေအသိပညာဆိုင်ရာ သင်တန်းညွှန်းတမ်းကို ရေးသားပြုစုပြီး ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ယခုကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသပြီး သင်တန်းစတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ သာယာဝတီခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၈ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဇန်နဝါရီလ ၆ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့



# မလှိုင်မြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချနိုင်ရန် ရည်ရွယ်၍ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီလ ၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၇ သန်းဖြင့် ထန်းတောကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးအား ငွေကျပ် ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအား ငွေကျပ် ၂၈ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးအား ငွေကျပ် ၁ ဒသမ ၃၅ သန်း အသီးသီးထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး စိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိနေ

ကျောင်းကုန်း ဇန်နဝါရီ ၆


ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် စိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိနေကြောင်း ကျောင်းကုန်းမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းမော်၏ ပြောဆိုချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်ခရမ်းသီးများ လှိုင်လှိုင်ထွက်ရှိသောပြီးခဲ့သည့် ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကာ တစ်ရက်လျှင် ခရမ်းသီးအလုံး ၄၀၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့ခရမ်းသီးတွေကို တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေလို့ နေ့စဉ်ခရမ်းသီးအလုံး ၅၅၀၀၀ အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ခရမ်းသီးတွေ အရည်အသွေးကောင်းသလို အထွက်နှုန်းလည်းကောင်းနေတယ်လို့သိရပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ ကုန်စိမ်းဈေးကွက်မှာ အရောင်းအဝယ်ကောင်းမွန်နေပါတယ်'' ဟု ဒေါ်ဝင်းဝင်းမော်က ပြောသည်။

ကျောင်းကုန်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ခရမ်းသီးများအပါအဝင် တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့်ဒေသတို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်




# ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၄၅ ဧက စိုက်ပျိုးပြီးဖြစ် တောင်သူများဝင်ငွေတိုးရေးနှင့် ဒေသခံပြည်သူများ ဝယ်ယူစားသုံးမှုအဆင်ပြေစေမည်

ပွင့်ဖြူ ဇန်နဝါရီ ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို အားထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ၆၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ တောင်သူများ မိသားစုဝင်ငွေတိုးရေးနှင့် ဒေသခံပြည်သူများ ဝယ်ယူစားသုံးမှုအဆင်ပြေစေမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီစေရန် ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စိုက်ပျိုးပြီးတဲ့ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဒေသခံတောင်သူတွေကို လိုအပ်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက နှင့် ဧရာတ်၊ ကြက်သွန်နီ စသည့် စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လျာထားစိုက်ဧကပြည့်မီရေး၊ အထွက်နှုန်းကောင်းမွန်စေရေးနှင့် စိုက်ပျိုးထားသည့်သီးနှံအားလုံး ခါတုခါတ်ကွင်းအနည်းဆုံးဖြစ်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်အောင် စနစ်တကျစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများကို လိုအပ်သောစိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဆောင်းသီးနှံ ပဲကြီး ဧက ၁၃၇၄၀ စိုက်ပျိုးပြီးစီး၊ တောင်သူများဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်

**ယင်းမာပင် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်နှင့်ကနီမြို့နယ်တို့၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲကြီး ၁၄၄၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့အထိယင်းမာပင်မြို့နယ်၌ ဧက ၈၁၀၊ ကနီမြို့နယ်၌ ဧက ၁၂၉၃၀ စုစုပေါင်းဧက ၁၃၇၄၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန် ယင်းမာပင်ခရိုင်မှာ ပဲကြီးဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးနေတယ်။ သီးနှံအထွက်နှုန်းနဲ့အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာစတာတွေကိုတောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောသည်။

ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများပိုမိုကောင်းမွန်ခြင်း၊ ဈေးကောင်းရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမကပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်သည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက်သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့်မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအားလိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**




# သီးပင်စားပင်နှင့်နှစ်ရှည်ပင်များ နှစ်စဉ်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးမြင့်ရရှိ

**ရွှေတောင် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဒေသခံစိုက်ပျိုးရေးတောင်သူများအနေဖြင့် ဆောင်းရာသီ သီးပင်စားပင်နှင့် နှစ်ရှည်ပင်များ နှစ်စဉ်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ တိုးမြင့်ရရှိလျက်ရှိကြောင်း သိရသည်။

ဒေသခံ စိုက်ပျိုးရေးတောင်သူများအနေဖြင့် နှစ်စဉ်ဆောင်းရာသီ သီးပင်စားပင်များအဖြစ် ဘူးသီး၊ ပဲတောင့်ရှည်၊ သခွား၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပြောင်းဖူး၊ ပန်းဂေါ်ဖီ၊ ဆလတ်ရွက်၊ ပန်းမျိုးစုံ၊ မာလကာသီးပင်နှင့် အာဆီယံသပြေပင်တို့ကို စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ ဒေသထွက်သီးပင်စားပင်များကို စိုက်ခင်းတွင်ရောင်းချခြင်း၊ မြို့များသို့တင်ပို့ရောင်းချခြင်းတို့မှ မိသားစုဝင်ငွေတိုးလာကြောင်း၊ ထိုသို့ဒေသထွက်သီးပင်စားပင်များ အရောင်းအဝယ်ကောင်းမွန်မှုကြောင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းလုပ်ကိုင်သူများနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

**သင်မလိုသောမီးကို ပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရပါစေ။**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အခြေခံပညာကျောင်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများအား ဒုတိယမြို့တော်ဝန် ဦးညီညီ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည်အတွင်းရေးမှူး ဦးညွှန့်ဖေ၊ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁)ရပ်ကွက် မဏိစည်သူလမ်းရှိ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၊(၁၀၇)ရပ်ကွက် ငုဝါမြိုင်လမ်းနှင့် ကေတုမတီလမ်းထောင့်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)က အဆိုပါကျောင်းများအတွင်းရေဝပ်မှုမဖြစ်စေရေးနှင့်ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများအား စက်ယန္တရားများဖြင့် ကျောင်းများအတွင်းရေဝပ်မှုမဖြစ်စေရေးမြေနိမ့်နေရာများအား မြေဖို့ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ ဒုတိယမြို့တော်ဝန်က ကျောင်းများပတ်ဝန်းကျင်ရှိရေမြောင်းများရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ရန်နှင့် ကျောင်းများသန့်ရှင်းသာယာသပ်ရပ်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် မြဝတ်ရည်လမ်း ဒဂုံတောင်-သုဝဏ္ဏတံတားအနီးအင်ဂျင်နီယာဌာန(အဆောက်အအုံ)က မိုးလုံလေလုံ ဖူဆယ်အားကစားကွင်းတည်ဆောက်နေမှုသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယမြို့တော်ဝန်က ဖူဆယ်အားကစားကွင်းအားသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်၊ ဖူဆယ်အားကစားနည်းသာမက အခြားအားကစားနည်းများပါ ကျင်းပနိုင်အောင်တည်ဆောက်ရန်၊ အဝတ်လဲခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ထည့်သွင်းတည်ဆောက်ရန်နှင့် သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မိုးလုံလေလုံဖူဆယ်အားကစားကွင်းသည် အလျား ၂၀၆ ပေ၊ အနံ ၁၀၆ ပေရှိပြီး အမျိုးသားအမျိုးသမီးသန့်စင်ခန်း ၁၀ ခန်းတွဲ ၂ လုံး၊ အမျိုးသားအမျိုးသမီးရေချိုးခန်း ၂ လုံး၊ အားကစားပစ္စည်းအရောင်းဆိုင်များနှင့်ယာဉ်ရပ်နားရန်နေရာများပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံ၊ခ**

○ **ရှေ့ဖုံးမှအဆက်**

အောက်ပြည်အောက်ရွာကနေ အတော်လေးသွားကြတာများပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာအစစ်ဖြစ်နေတော့ ပိုပြီးစိတ်ဝင်စားမှုများတယ်လို့ထင်ပါတယ်။ ရွှေစက်တော်ဘုရားပွဲက မကွေးမြသလွန်ဘုရား၊ ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းရွှေစက်တော်ပါဒစေတီတော်၊ စကုမြို့မှတန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားများနဲ့ခရီးစဉ်က တစ်ဆက်တစ်စပ်တည်းဖြစ်နေတော့ ခရီးသွားဧည့်သည်တွေအတွက်လည်း စိတ်ဝင်စားမှုရှိပြီး အသွားများကြတာပါ" ဟု ရွှေတောင်မြို့မှ ခရီးသွားတစ်ဦးကပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်၊ ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ၇၅ ရက်ကြာ အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာခရီးသွားပြည်သူများ အဆင်ပြေပြေဖူးမြော်နိုင်ရန် တည်းကျောင်းပေါင်း ၆၀၀ ကျော်၊ ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**


# ရွှေသောင်ယံမြို့၌ ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများဆောင်ရွက်

**ရွှေသောင်ယံ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီလ ၆ ရက် နံနက်ပိုင်းတွင် ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ ကျောင်းအခြေပြုတီဘီရောဂါကွင်းဆင်းရှာဖွေရာတွင် ရွှေသောင်ယံမြို့ သပေါ့ကန် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ကျန်းမာရေးမှူး ဒေါ်အိအိခိုင်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးစဉ် ကျောင်းသား၊ ကျောင်းသူများကို တီဘီရောဂါနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ စစ်ဆေးခြင်းတို့ ပြုလုပ်ဆောင်ရွက်ရာ အခြေခံပညာအထက်တန်းကျောင်း ရွှေသောင်ယံမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများကလာရောက်ရောဂါရှာဖွေစစ်ဆေးမှုခံယူခဲ့ကြကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**



# သန့်ရှင်းလတ်ဆတ်သောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စားသုံးနိုင်စေရန်

ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေစားပြီးနောက် ဝမ်းသွားတယ်၊ ပျို့အန်တယ်၊ အစာအဆိပ်သင့်တယ်ဆိုတဲ့သတင်းတွေကို ကြားမိပါလိမ့်မယ်။ စိုက်ခင်းထဲရှိ သဲ၊ ရွှံ့၊ ဖုန်မှုန့် စတဲ့ မြေဆီလွှာတွေ ကပ်ငြိနေတာ၊ စိုက်ခင်းတစ်ဝိုက်ကျင်လည်ကျက်စားနေကြတဲ့ တိရစ္ဆာန်တွေရဲ့ စွန့်ပစ်အညစ်အကြေးတွေ၊ မသန့်ရှင်းတဲ့ရေ၊ အပင်သန်ကြီးထွားမြန်ဆေးဒါမှမဟုတ် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးအကြွင်းအကျန်တွေ၊ စိုက်ခင်းကနေ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းခရီးလမ်းကိုဖြတ်သန်းပြီး စားသုံးသူဆီရောက်ရှိလာပုံအဆင့်ဆင့်၊ ဈေးကွက်ထဲမှာ ဈေးရောင်းသူသာမက တခြားဈေးဝယ်သူတွေရဲ့ လက်ပေါင်းစုံ ကိုင်တွယ်ထားမှု၊ ဈေးရောင်းသူရဲ့ ထုပ်ပိုး၊ တည်ခင်း၊ ရောင်းချရာမှာ သန့်ရှင်းမှုအားနည်းခြင်း စတာတွေကြောင့် သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေမှာ ဗက်တီးရီးယားနဲ့မှိုပိုးမွှားတွေ ကပ်ငြိနေတတ်ပါတယ်။

ဒါကြောင့် ဟင်းသီးဟင်းရွက်တွေကို မစားသုံးခင် ရေသန့်သန့်နဲ့ စင်ကြယ်စွာဆေးကြောပေးရမှာဖြစ်ပါတယ်။ သို့ပါ၍ အစားအစာချက်ပြုတ်သူတွေအနေနဲ့ အသိအမြင်ကြွယ်ဝပြီး ဘေးကင်းစွာ ပြင်ဆင်ချက်ပြုတ်နိုင်စေဖို့ အောက်ပါအတိုင်း အကြံပြုလိုက်ရပါတယ်။

**ပန်းဂေါ်ဖီ**

ပန်းဂေါ်ဖီနဲ့ ပန်းဂေါ်ဖီစိမ်း (ခေါ်) ဘရိုကိုလီကသဘာဝအလျောက် အပွင့်အဆုပ်လေးတွေဖြစ်နေတာကြောင့် ကြားထဲမှာ မှိုပိုးမွှားတွေ စိတ်တိုင်းကျခိုအောင်းနေတတ်တယ်။ ဒါကြောင့် ဟင်းစီမံချက်ပြုတ်ဖို့ပြင်ဆင်တဲ့အခါ မိမိအလိုရှိသလောက်အရွယ်အစားလေးတွေခွဲယူပြီး ရေဇလုံထဲမှာ ပန်းဂေါ်ဖီတွေနစ်မြုပ်တဲ့အထိ ၁၀ မိနစ်လောက်ကြာအောင်စိမ်ထားပေးပါ။ အဲဒီလိုရေစိမ်ပြီးမှ နောက်ထပ်တစ်ကြိမ်ဆေးကြောသန့်စင်ပြီး ချက်ပြုတ်စားသုံးပါ။

**ထောပတ်သီး**

ထောပတ်သီးက အခွံမာသီးဖြစ်လို့ အခွံကိုဝါးစားလို့မရတာကြောင့် အခွံတွေကို ရေဆေးဖို့မလိုအပ်ဘူးလို့ မယူဆသင့်ပါဘူး။ အခွံပေါ်မှာ မျက်စိနဲ့မမြင်နိုင်တဲ့ ပိုးမွှားတွေပါရှိနေတတ်ပြီး အသီးကိုဓားနဲ့ခွဲစိတ်လိုက်တဲ့အခါ အခွံမှာကပ်နေတဲ့ပိုးမွှားလေးတွေက အထဲကို အလွယ်တကူဝင်ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် ထောပတ်သီးတွေကို ရေဆေးတဲ့အခါ လက်နဲ့သေသေချာချာပွတ်တိုက်ဆေးပြီး ရေစင်အောင်ခါထုတ်ပြီးမှသာ စားသုံးပါ။ ဖရဲသီး၊ နဂါးမောက်သီး၊ သခွားမွှေးသီး၊ ဥသျှစ်သီး၊ သစ်ကြားသီး၊ လေချူသီး၊ သခွားသီး၊ မင်းကွတ်သီး စတဲ့ အသီးတွေကိုလည်း ထိုနည်းအတိုင်း ဆေးကြောသန့်စင်ပေးဖို့ လိုအပ်ပါတယ်။ နာနတ်သီးကိုတော့ အခွံမနွာခင်ရော အခွံနွာပြီးနောက်မှာပါ ရေဆေးပေးဖို့လိုပါတယ်။ ဒ့ါပြင် အခွံမာသီးမဟုတ်တဲ့ ခရမ်းချဉ်သီးကိုလည်း ရေများများသုံးပြီး ဆေးကြောသန့်စင်ပြီးမှသာ အသုံးပြုပါ။

**ပန်းသီး**

ပန်းသီးကို သေသေချာချာ လေ့လာကြည့်တဲ့အခါ အသီးရဲ့ထိပ်ပိုင်းမှာ ချိုင့်ခွက်လေးပါရှိနေပြီး အသီးရဲ့အဖျားပိုင်းမှာ အသီးအညှာရိုးတံကို ဖယ်ရှားထားတာကြောင့် ချိုင့်ခွက်လေးဖြစ်နေပါတယ်။ အဲဒီအပေါ်ဘက်၊ အောက်ဘက်ချိုင့်ခွက်တွေထဲမှာ ဗက်တီးရီးယားနဲ့ ဖုန်မှုန့်တွေခိုအောင်းဝင်ရောက်နိုင်ပါတယ်။ ဒါကြောင့် ပန်းသီးကိုမစားသုံးခင်မှာ ဦးစွာ brush နဲ့တိုက်ချွတ်ပြီး ရေစင်စင်ဆေးကြောသန့်စင်ပြီးမှသာ ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားသင့်ပါတယ်။(သစ်တော်သီး၊ ပန်းသစ်တော်သီးတို့ကိုလည်း ထိုနည်းအတိုင်း သန့်စင်ဆေးကြောသင့်ပါတယ်)

**ပန်းငရုတ်ပွ(ခေါ်) ငရုတ်ချို**

ပန်းငရုတ်ပွ (ခေါ်) ငရုတ်ချိုတွေကလည်း ပန်းသီးနည်းတူပါပဲ။ အသီးရဲ့ထိပ်ပိုင်းမှာ ချိုင့်ခွက်လေးပါရှိနေပါတယ်။ ဒါကြောင့် မချက်ပြုတ်ခင် ဦးစွာရေစင်စင်ဆေးကြောပြီးမှ လှီးဖြတ်ပြီး ချက်ပြုတ်သင့်ပါတယ်။

**မှိုပွင့်များ**

ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်တဲ့ မှိုပွင့်လေးတွေမှာလည်း သဲ၊ ရွှံ့တွေနဲ့အတူ ဗက်တီးရီးယားတွေ ကပ်ငြိနေတတ်တာကြောင့် မချက်ပြုတ်ခင် မှိုပွင့်လေးတွေကို ရေနဲ့ သေသေချာချာ ဆေးကြောပေးသင့်ပါတယ်။ သတိထားရမှာက မှိုပွင့်ထဲမှာ ရေတွေစိမ့်ဝင်နေတဲ့အခါ ကောင်းမွန်တဲ့ဟင်းလျာဖြစ်မလာနိုင်တော့ပါဘူး။ ဒါကြောင့် ရေစင်စင်ဆေးပြီးနောက် မှိုပွင့်လေးတွေကို ရေစစ်သွားအောင် လက်နဲ့ ခပ်ဖွဖွဆုပ်ညှစ်ပြီးမှသာ ချက်ပြုတ်ပါ။

" ထောပတ်သီးတွေကို ရေဆေးတဲ့အခါ လက်နဲ့ သေသေချာချာ ပွတ်တိုက်ဆေးပြီး ရေစင်အောင်ခါထုတ်ပြီးမှသာ စားသုံးပါ။ ဖရဲသီး၊ နဂါးမောက်သီး၊ သခွားမွှေးသီး၊ ဥသျှစ်သီး၊ သစ်ကြားသီး၊ လေချူသီး၊ သခွားသီး၊ မင်းကွတ်သီး စတဲ့အသီးတွေကိုလည်း ထိုနည်းအတိုင်း ဆေးကြောသန့်စင်ပေးဖို့ လိုအပ်ပါတယ်။ နာနတ်သီးကိုတော့ အခွံမနွာခင်ရော အခွံနွာပြီးနောက်မှာပါ ရေဆေးပေးဖို့လိုပါတယ်။ ဒ့ါပြင် အခွံမာသီးမဟုတ်တဲ့ ခရမ်းချဉ်သီးကိုလည်း ရေများများသုံးပြီး ဆေးကြောသန့်စင်ပြီးမှသာ အသုံးပြုပါ. . ."



**ဟင်းခတ်အမွှေးအကြိုင်ပင်များ**

မြန်မာနံနံပင်၊ တရုတ်နံနံပင်၊ ရှမ်းနံနံပင် (ခေါ်) ကုလားနံနံပင်၊ ပင်စိမ်းရွက်၊ ပူဒီနာရွက် စတဲ့ ဟင်းခတ်အမွှေးအကြိုင်အပင်ပုလေးတွေက မြေကြီးပေါ်ကပ်ပြီးပေါက်လေ့ရှိတာကြောင့် သဲ၊ ရွှံ့တွေအပြင် မျက်စိနဲ့မမြင်နိုင်တဲ့ ဗက်တီးရီးယားပိုးမွှားတွေ ပါလာလေ့ရှိပါတယ်။ ဒါကြောင့် အဲဒီအပင်လေးတွေကို သင့်သလိုဖြတ်တောက်ခွဲယူပြီး ရေများများထည့်ထားတဲ့ ဇလုံထဲမှာစိမ်ပြီး အရွက်နဲ့ရိုးတံတွေအားလုံးကို လက်နဲ့ခပ်ဖွဖွပွတ်ဆေးပြီးမှသာ အသုံးပြုပါ။ (မြင်းခွာရွက်ကိုလည်း ထိုနည်းအတိုင်းပြုလုပ်သင့်ပါတယ်)

**ဟင်းသီးဟင်းရွက်များ**

ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်၊ ဆလတ်ရွက်၊ မုန်ညင်းဖြူ၊ မုန်ညင်းစိမ်း၊ ရွက်စားမုန်လာ စတဲ့ အစိမ်းရောင်အရွက်ဖားဖား ဟင်းသီးဟင်းရွက်တွေမှာ သဲ၊ ဖုန်မှုန့်၊ ရွှံ့နဲ့ ဗက်တီးရီးယားပိုးတွေအပြင် မသန့်ရှင်းတဲ့ရေ၊ ပိုးသတ်ဆေးရည်တွေ ကပ်ငြိစွန်းထင်းနေတတ်ပါတယ်။ ဒါကြောင့် ဟင်းသီးဟင်းရွက်တွေကို လှီးဖြတ်ပြီးနောက် ဦးစွာ ရေဇလုံကြီးကြီးထဲမှာထည့်ပြီး ၁၀ မိနစ်လောက်စိမ်ထားပေးပါ။ ပြီးရင် ရေဘုံပိုင်အောက်မှာ ဟင်းရွက်ရဲ့ အပေါ်ဘက်၊ အောက်ဘက်အားလုံးကို သေသေချာချာ ဆေးကြောပါ။

**ဆေးကြောသန့်စင်နည်းအမျိုးမျိုး**

ဆားရည်နဲ့ ဆေးကြောပါ။ ဆားက ဓာတုပစ္စည်း၊ ပိုးသတ်ဆေးတွေနဲ့ မသန့်ရှင်းတဲ့အရာတွေကို သန့်စင်စေပါတယ်။

ရေနွေးဆူဆူထဲမှာ ဟင်းသီးဟင်းရွက်တွေကို ၁၅ စက္ကန့်ကနေ တစ်မိနစ်အထိစိမ်ထားပြီးမှ ပြင်ဆင်ချက်ပြုတ်ခြင်းဖြင့် သန့်ရှင်းတဲ့အစားအစာကို ရရှိနိုင်ပါတယ်။

ရေထဲမှာ သံပရာရည် ဒါမှမဟုတ် ရှောက်ရည်အနည်းငယ်ထည့်ပြီး ဟင်းသီးဟင်းရွက်တွေကို ဆေးကြောနိုင်ပါတယ်။

ရေထဲမှာ နနွင်းမှုန့်ထည့်ပြီးလည်း ဆေးကြောသန့်စင်နိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် ဟင်းသီးဟင်းရွက်တွေစားသုံးရာမှာ ဓာတုဆေးဝါးအန္တရာယ်အမျိုးမျိုးကို ရှောင်ရှားနိုင်ဖို့၊ သန့်သန့်ရှင်းရှင်း၊ လတ်လတ်ဆတ်ဆတ် စားသုံးနိုင်ဖို့၊ အိမ်စရိတ်ချွေတာနိုင်ဖို့အတွက် မိမိတို့ကိုယ်တိုင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးစားသောက်တတ်တဲ့အလေ့အကျင့်ကောင်းကို ကြိုးစားဖန်တီးနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။

ပေါက်ပေါက်

# မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေး



ဟိုပုံး ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းကို ဇန်နဝါရီလ ၆ ရက်မှစ၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှအသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) ရောဂါကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးပြီး ကလေးငယ်များအား အပူချိန်တိုင်းတာပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို လစဉ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ချမ်းမြေ့

## မောင်းမကန်ကမ်းခြေ၌ လာရောက်လည်ပတ်သူများဖြင့်စည်ကားလျက်ရှိ



**ထားဝယ် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်းမကန်ကမ်းခြေ၌ ပွင့်လင်းရာသီတွင် လာရောက်လည်ပတ်သူများပြားစည်ကားလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်နောက်ပိုင်း မောင်းမကန်ကမ်းခြေသို့ လာရောက်လည်ပတ်သူနည်းပါးခဲ့ပြီး ပွဲတော်ကာလများသာစည်ကားခဲ့သော်လည်း ယခုနှစ် ပွဲတော်ကာလများနှင့် ပွင့်လင်းရာသီတို့တွင် လာရောက်လည်ပတ်သူများ ပိုမိုများပြားလာသည်။

မောင်းမကန်ကမ်းခြေသည် ထားဝယ်မြို့၏ အထင်ကရကမ်းခြေများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရပ်နီးရပ်ဝေးမှ ခရီးသွားလာသည့်သည်များ၊ အပန်းဖြေကြသူများနှင့် လာရောက်လည်ပတ်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်းနှင့် စားသောက်ဆိုင်တန်းများရှိသည့်အတွက် လာရောက်လည်ပတ်သူများအဆင်ပြေကြောင်း သိရသည်။ (၄၁၂)

## ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

### ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၃၆၅ ဧက စိုက်ပျိုးပြီးဖြစ်

**ကျွန်းလှ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းရာသီတွင်စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှုကို ဇန်နဝါရီလ ၆ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မြေပဲစိုက်ခင်းများပန်းပွင့်ချိန်နှင့်ဥချချိန်ကာလတွင် ရွက်လိပ်ရွက်ကပ်ပိုး၊ ရွက်စုံစားခူ ကျရောက်တတ်ကြောင်း၊ ရေလိုအပ်ချက်ရှိပါက ရေပေးဝေရန်လိုကြောင်းတောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့သည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၃၆၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အကျိုးအမြတ်ရှိပြီးခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**



## ရှေ့လမ်းအတွက် ခြေလှမ်းပြင်

* ယနေ့မှလျှင်၊ သင်ဆင်ခြင်လော<br>
တွေ့မြင်နေရ၊ အဝဝကို<br>
တွေးဆကြည့်ကာ၊ ခွဲစိတ်ဖြာသင့်။

* ခေတ်၏ခြေနေ၊ ကြောင်းကျိုးထွေကြောင့်<br>
ပြုလေအသစ်၊ တည်ဆောက်ဖြစ်ရန်<br>
စူးနစ်စိတ်ထား၊ သင်ကြိုးစားပါ<br>
ခွန်အားလည်းရှိ၊ ဉာဏ်လည်းသိ၍<br>
ဇာတိအခြေ၊ စီးဆင်းလေသော<br>
ခြေခြေသစ်သစ်၊ စီးသည်မြစ်သို့<br>
ထုံးဖြစ်စံမူ၊ သင်နာယူလော့။

* တူရူထိုနည်း၊ တစ်ချိန်တည်းတွင်<br>
ပေါင်းလည်းပေါင်းသင်၊ မြေကိုပြင်၍<br>
ပြိုပြင်သံများ၊ ရှိခဲ့ငြားလည်း<br>
သင်ကားဖွင့်လှစ်၊ ခြေလှမ်းသစ်ဖြင့်<br>
စနစ်အစဉ်၊ အောင်ပွဲဆင်ဖို့<br>
မြော်မြင်လေ့လာ၊ အားထုတ်ပါမှ<br>
ရှေ့မှာသပြေ၊ လန်းလို့နေ။<br>
သင်းဝေပျံ့နေ၊ အောင်ပန်းဝေ။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**သရက် ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဇန်နဝါရီလ ၆ ရက် နံနက်ပိုင်းတွင် မြို့မဈေးအတွင်း ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများနှင့် ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာပလတ်စတစ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေးပြောကြားကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၇-၁-၂၀၂၅ (အင်္ဂါနေ့)**

၁။ ၀၆:၀၀ တရားတော်<br>
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း<br>
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း<br>
၄။ ၁၀:၀၀ သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>
၅။ ၁၁:၀၀ သီချင်းလက်ဆောင်<br>
၆။ ၁၂:၀၀ ကျန်းမာသုတ<br>
၇။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး<br>
၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး<br>
၉။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း<br>
၁၀။ ၁၇:၀၀ မှတ်သားလိုက်နာပုံပမာ<br>
၁၁။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း **အတွေ့လေးရယ်မှအိုအကြုံ (ပထမပိုင်း) သရုပ်ဆောင် ကျော်ဟိန်း၊ မျိုးသန္တာထွန်း၊ ဒါရိုက်တာ မောင်ဝဏ္ဏ**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နမ့်စန်မြို့၌ ၂၀၂၅ ခုနှစ်၊ လေးခရိုင်အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၅ ခုနှစ်၊ လေးခရိုင်အမျိုးသား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၅ ခုနှစ်၊ လေးခရိုင်အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ မြို့နယ်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် လွိုင်လင်အသင်းနှင့် ပင်လုံအသင်းတို့၏ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

Naypyitaw State Academy ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ်ရှိဘက်စုံသုံးခန်းမ၌ကျင်းပရာ Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ လူမှုရေးပညာအထူးပြုမောင်မယ်သစ်လွင်ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေး၊ ဥပဒေ၊ အားကစား၊ ဆေးပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက ထိပ်တန်းတက္ကသိုလ်တေးသီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက Naypyitaw State Academy တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၉-၁၂-၂၀၂၄ ရက် ည ၈ နာရီမှ ၅-၁-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အနောက်မျှော် မီဒီယာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့လိုအပ်နေပြီ"**ခေါင်းစဉ်ဖြင့် ၈-၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၆

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# ပွင့်ဖြူမြို့နယ်၌ ကျွဲ နွားတိရစ္ဆာန်အစာ ဧက ၇၀၀၀ ကျော် စိုက်ပျိုးထားပြီး အစာရှားပါးမှုမဖြစ်စေရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးကိုအထောက်အကူပြုစေမည်ဖြစ်



**ပွင့်ဖြူ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွားတိရစ္ဆာန်အစာဧက၇၀၀၀ကျော်စိုက်ပျိုးထားပြီး အစာရှားပါးမှုမဖြစ်စေရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးကိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွားတိရစ္ဆာန်အစာ ၇၉၀၈ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၇၁၉၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွဲ၊ နွားတိရစ္ဆာန်အစာ ၇၉၀၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ကျွဲ၊ နွားတိရစ္ဆာန်အစာ ဧက ၇၁၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ ကျွဲ၊ နွားတိရစ္ဆာန်အစာတွေကတော့ နှံစားပြောင်း၊ ပဲမျိုးစုံ၊ နေဗီယာမြက်နဲ့ ဖူးစားပြောင်းတွေကို အများဆုံးစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရတဲ့ရည်ရွယ်ချက်က ကျွဲ၊ နွားတိရစ္ဆာန်တွေအတွက် အစာရှားပါးမှုမဖြစ်စေဖို့နဲ့ ဝင်ငွေတိုးပွားရေးအတွက် မွေးမြူထားတဲ့ ကျွဲ၊ နွား တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ဖို့ စိုက်ပျိုးတာဖြစ်ပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွားတိရစ္ဆာန်အစာဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေနှင့်မြေအောက်ရေတို့ကို စနစ်တကျအသုံးချပြီး နှံစားပြောင်း၊ ပဲမျိုးစုံ၊ နေဗီယာမြက်နှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများ အခက်အခဲမရှိအဆင်ပြေစွာစိုက်ပျိုးနိုင်ရန်နှင့် သီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲနည်းများ လက်တွေ့သရုပ်ပြသခြင်း၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းပညာပေးခြင်း စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်လှစ်






နေပြည်တော် ဇန်နဝါရီ ၆

ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆)၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကြီးကြပ်နှင့် သင်တန်းနည်းပြများ၊ ဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့သင်တန်းတွင် ပညာရပ်ကျွမ်းကျင်သူများက ကဏ္ဍစုံသင်ကြားသလို မိမိကိုယ်တိုင်ကလည်း နိုးကြားတက်ကြွစွာလေ့လာသင်ယူကြရန်နှင့် အချင်းချင်းအသိပညာမျှဝေရန် လိုအပ်ကြောင်း၊ ယခုသင်တန်းတက်ရောက်သူအားလုံးက ဥပဒေဆိုင်ရာပညာရပ်များကို နားလည်သဘောပေါက်ပြီး မိမိဌာနတွင်လည်း ဥပဒေ၏အရေးပါမှုကို သိရှိစေနိုင်ရန် ထပ်ဆင့်မျှဝေခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ရေးဆွဲခြင်း စသည်တို့နှင့်စပ်လျဉ်း၍ သိကောင်းစရာနှင့် လိုက်နာကျင့်သုံးရန်များ၊ တစ်ဆင့်ခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းများ၊ စာချုပ်စာတမ်းချုပ်ဆိုရာတွင် သိရှိလိုက်နာရန်နှင့် ဆောင်ရန်ရှောင်ရန်အချက်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များတွင် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ အရာထမ်း ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)

# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်- ၅၂၌ကျင်းပရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် စီးပွားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စားသုံးသူကာကွယ်ရေးအတွက် ၂၀၁၇ ခုနှစ်မှစတင်ပြီး စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)အပါအဝင်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများ၊ ခရိုင်ဦးစီးမှူးရုံးများတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center-CICC) ၄၈ ခုကို ဖွင့်လှစ်ထားရှိပြီး လူကိုယ်တိုင်ဖြစ်စေ၊ စာ၊ အီးမေးလ်၊ ဖုန်းဖြင့်ဖြစ်စေ တိုင်ကြားလာသည့် စားသုံးသူတိုင်ကြားမှုများအပေါ် လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် အလွယ်တကူခေါ်ဆိုတိုင်ကြားနိုင်ရန် Consumer Call Center (၁၅၃၅)ကို ၂၀၂၁ ခုနှစ်မှစတင်၍ နေပြည်တော်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ လိုင်းခွဲနံပါတ်များ တိုးချဲ့ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တိုင်ကြားလာသောအမှုများကို ဖြေရှင်းထားသည့်နည်းလမ်းများအားကိုးကားနိုင်ရန်နှင့် လေ့လာဖတ်ရှုနိုင်ရန်ရည်ရွယ်၍ “စားသုံးသူတိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်ရာတွင် စံပြုဖွယ်ရာအမှုများ” စာအုပ်ကို နှစ်အလိုက် ပြုစုထုတ်ဝေလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ စားသုံးသူတိုင်ကြားမှု စုစုပေါင်း ၃၃၂ မှုရှိသည့်အနက် ကုန်စည်ဆိုင်ရာတိုင်ကြားမှု ၃၆ မှု၊ ဝန်ဆောင်မှုဆိုင်ရာတိုင်ကြားမှု ၂၉၆ မှုရှိပြီး ဝန်ဆောင်မှုဆိုင်ရာတိုင်ကြားမှုများအနက် ဆယ်သွယ်ရေး၊ ငွေရေးကြေးရေးနှင့်အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးနှင့် သက်ဆိုင်သည့်တိုင်ကြားမှုများ အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ကော်မရှင်က အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)ရှိ Meeting Hall ၌ကျင်းပရာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ၂၀၀၆ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူများအကြား ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု လျော့နည်းကျဆင်းရေးကိုရည်ရွယ်၍ ထုတ်ပြန်ကြော်ငြာခဲ့သည့် “ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကိုပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်”သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် အမိန့်စာကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းက “ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်”နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။



ယင်းနောက် ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာအသိပညာနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်း "Digital Skill Up Training" သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဒစ်ဂျစ်တယ်နည်းပညာ ဆိုင်ရာအသိပညာနှင့်ကျွမ်းကျင်မှုမြှင့်တင်ခြင်း "Digital Skill Up Training (TOT)" သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည် တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်နည်းပညာ သည် အသေးစားစက်မှုလက်မှုလုပ်ငန်းများအပါအဝင် စီးပွားရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့် နည်းပညာ တစ်ခုဖြစ်သောကြောင့် သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိသည့် အသိပညာဗဟုသုတများအား မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့်လုပ်ငန်းရှင်များကို ပြန်လည်မျှဝေ ပေးရန်နှင့် လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် ပြန်လည် အသုံးချကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြား သည်။

ထို့နောက် ဘာသာရပ်ဆိုင်ရာသင်တန်းနည်းပြများက သင်ကြား ပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ပြည်ထောင်စုနယ်မြေအတွင်း အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များ ထုတ်ပေးရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ခြင်းအခမ်းအနားကျင်းပ




နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုနယ်မြေအတွင်း အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းခွင့်ပြုထုတ်ပေးရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အရာထမ်း၊ အမှုထမ်းများ၊ တာဝန်ရှိသူများ နှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ် သမား ကိုယ်စားလှယ်များ တက်ရောက် ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်ဖွန်း မုန်တိုင်းရာဂီ၏အရှိန်ကြောင့် မိုးသည်း ထန်စွာရွာသွန်းခဲ့ရာ မြန်မာနိုင်ငံအတွင်း ရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပြည်သူအများ အတိဒုက္ခရောက်ခဲ့ရပြီး အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးရခြင်း တို့ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ် ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင်ရှိသည့် လူမှုဖူလုံရေးမြို့နယ် ရုံး ၈၀ တွင် ယနေ့အချိန်အထိ အလုပ် ဌာန ၃၄၆၂၇ ဌာနနှင့် အလုပ်သမား ၁၂၇၇၅၁၃ ဦးတို့ အကျိုးဝင်မှတ်ပုံတင်ထား ပြီးဖြစ်ရာ ပြည်ထောင်စုနယ်မြေအတွင်း အလုပ်ဌာန ၁၀၈၁ ဌာန၊ အာမခံအလုပ် သမား ၂၇၇၃၄ ဦး မှတ်ပုံတင်ထားပြီး ၎င်းတို့အနက် အလုပ်ဌာန ၁၄၈ ဌာနမှ ရေဘေးသင့်အာမခံအလုပ်သမား ၉၇၁ ဦး အား ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်းကို ယနေ့အခမ်းအနား တွင် ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ အာမခံ အလုပ်သမား ၉၇၁ ဦးအတွက် လူမှုဖူလုံ ရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်း လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူး တင်စကားပြောကြားခဲ့ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန စုပေါင်းအစည်း အဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုံး ဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည် ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်နှင့် အမျိုးသမီးအဖွဲ့များမှ တာဝန် ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသ ကြီးနှင့်ပြည်နယ် အမျိုးသမီးကော်မတီ အတွင်းရေးမှူးများက Online ဖြင့် တက် ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော် အဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းနယ်ပယ် (၁၂) ရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန များက အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ NSPAW လုပ်ငန်းကော်မတီ(၁၂)ရပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မှု ကနဦးအစီရင်ခံစာနှင့် နှစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာတင်သွင်း နိုင်ရေး၊ ကျား၊ မ ရေးရာလုပ်ငန်းစဉ်များကို ကဏ္ဍစုံတွင်ထည့်သွင်းခြင်း (Gender Main-streaming) ဆောင်ရွက်နိုင်ရန် ခန့်အပ်ထား သည့် သက်ဆိုင်ရာဌာနများမှ Gender Focal Point များက လုပ်ငန်းဆောင်ရွက်မှုများကို သုံးလတစ်ကြိမ် အစီရင်ခံစာပြုစုတင်ပြ ရေးတို့ကို ဆွေးနွေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီ(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း ကောင်း၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ နှင့် ညွှန်ကြားရေးမှူးချုပ်များက အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော် အဆင့် မဟာဗျူဟာစီမံကိန်း - NSPAW တွင်ပါဝင်သည့် လုပ်ငန်းနယ်ပယ် (၁၂)ရပ် အနက် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက် မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း NSPAW လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

(၅၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဘဝခရီးကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ဖို့ စာဖတ်ခြင်းအနုပညာ

ချယ်ချယ်(YU)



ငယ်ငယ်စာမဖတ်တတ်ခင်ကတော့ ကျွန်မတို့ရဲ့ အမေ အဖေ အစ်ကို အစ်မတွေက ဖတ်ဖတ်ပြတဲ့ အကြောင်းအရာလေးတွေကို မျက်လုံးလေးဝိုင်းပြီး နားထောင်ရ မှတ်သားရအတုယူရနဲ့ ရင်ထဲစွဲခဲ့ကြပါတယ်။ အစ်မတွေပြောပြတဲ့ပုံပြင်လေးတွေ စကားထာ စကားပုံလေးတွေ အဘွား ဒေါ်ကြီးဒေါ်လေးတို့ပြောပြတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့တရားတော်တွေ အဆိုအမိန့်တွေ ဇာတ်ကြီးဆယ်တွဲ့ငါးရာ့ငါးဆယ်ဝတ္ထုဇာတ်ကြောင်းတွေ စသည်တို့ကို ငယ်စဉ်ကလေးဘဝမှာ လေ့လာမှတ်သားရင်းကြီးပြင်းခဲ့ပါတယ်။

အရင်က အိမ်တစ်အိမ်ဧည့်ခန်းမှာဆို ဘုရားကျောင်းဆောင်၊ သတင်းစာ စာအုပ်စင်၊ ရေဒီယို နောက်တော့ ရုပ်မြင်သံကြားတွေထားတတ်ကြတာပေါ့။ ကျွန်မတို့ ငယ်ငယ်ကတော့ ရေဒီယိုလေးနဲ့ပဲ မောင်နှမတွေ ခေါင်းတိုးနားထောင်ခဲ့ရတာပါ။ တပ်မတော်သားကြီးအဖေက ပုံမှန်အပတ်စဉ်ထွက်တဲ့ ရွှေသွေးတို့၊ တေဇတို့ ကျောင်းသားစာစောင်တွေ အမြဲဝယ်ပေးပါတယ်။ သူငယ်ချင်းတွေ လုဖတ်ကြရတာပျော်စရာပါ။ မူလတန်းအရွယ်တုန်းက ကိုယ်မသိတာလေးတွေကို အကြီးတွေဆီမေးရတာပေ့ါ။ နောက်တော့လည်း ရှောရှောရှူရှူ ဖတ်နိုင်သွားတာပါပဲ။ ကြိုးစားမှုပေ့ါနော်။ အဖေကလည်း အားတဲ့အချိန်တိုင်း ဖတ်ပြရှင်းပြ၊ ကျွန်မတို့ကလည်း မသိတာ နားမလည်တာမေးကြဆူဆူညံညံအလုအယက်နဲ့ပျော်စရာပါ။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင် ကစားကြစာဖတ်ကြနဲ့ ငယ်ဘဝမှာပျော်စရာတွေကအပြည့်ပါပဲ။ ကျောင်းစာလည်း အချိန်မှန်ကျက်ရပါတယ်၊ ကစားချိန်ဆိုရင်လည်း ပြေးလွှားကစားရပါတယ်၊ အားလပ်ချိန်ကျမှ ကာတွန်းတွေ ပုံပြင်တွေ ဖတ်ခွင့်ရတာပါ။ မူလတန်းအရွယ် စာဖတ်နိုင်ကတည်းက စာဖတ်ခဲ့ကြတာဆိုတော့ အဖေ့စာအုပ်စင်ဟာ ကျွန်မတို့စိတ်ဝင်စားစရာနေရာ၊ ပျော်မွေ့စရာနေရာ၊ သဘောပေါက်လွယ်နိုင်တဲ့စာအုပ်တွေ အများအပြားရှိတဲ့ နေရာတစ်ခုဖြစ်ခဲ့ပါတယ်။ ကလေးပီပီ ကစားချိန်ဆိုရင်တော့ မေ့နေတာပေ့ါ။ ဒါပေမဲ့ အချိန်နဲ့ကစားရတာပါ။ အဖေကကျောင်းစာဖတ်ချိန် အားလပ်ချိန် သတ်မှတ်ထားပေးပါတယ်၊ စာအုပ်ဖတ်ချိန်ဆို နားမလည်တာတွေ အဖေအစ်မတွေကို မေးရပါတယ်။

ကျောင်းပိတ်ရက်ဆိုရင် ကျွန်မတို့အိမ်က ကလေးများစုဝေးရာပေ့ါ။ ကလေးဘဝက ကျွန်မတို့အိမ်ကဧည့်ခန်းနဲ့ ဘုရားခန်းဆက်လျက်ဆိုတော့ ဘုရားခန်းအဝင်လေးမှာစာအုပ်စင်လေးထားပါတယ်။ အဲဒီတော့ ကျွန်မတို့ကလေးတွေက ဘုရားခန်းထဲမှာ ဝမ်းလျားထိုးပြီးစာဖတ်ကြတာပေ့ါ။ ဒါကလည်း အိမ်ရှေ့ပေါက်ကဝင်တာမဟုတ်၊ ကျွန်မရဲ့အခန်းပြတင်းပေါက်ကကျော်ဝင်ခြင်းပါ။ ကျွန်မတို့အိမ်မှာက အဖေနဲ့ အမေက တစ်ခန်း၊ ကျွန်မနဲ့ အဘွားက တစ်ခန်း၊ အစ်မတွေက တစ်ခန်းနေရတာပါ။ အိမ်ရှေ့တံခါးမကြီး ပိတ်ထားတဲ့အခါ ကျွန်မရဲ့သူငယ်ချင်းများက အဘွားကိုလက်အုပ်လေးချီကာ ကျွန်မအခန်းပြတင်းပေါက်ကနေကျော်တက်ပြီး စာအုပ်တွေဆွဲဖတ်ကြတာပါ။ တုံးလုံးတစ်မျိုး ပက်လက်တစ်မျိုး စာအုပ်တွေဖတ်ကြတာပေ့ါနော်။ အထူးသဖြင့် ကာတွန်းပုံပြင်တွေပေ့ါ၊ လုပြီးကိုဖတ်ရှုကြပါတယ်။ တစ်ခါတလေ စာဖတ်ရင်းအိပ်ပျော်သွားကြတာလည်းရှိပါတယ်။ အဲဒီတော့ ပြတင်းပေါက်မှာ ချွတ်ထားတဲ့ဖိနပ်တွေ အစီအရီပေ့ါနော်။ စာအုပ်တွေကို အာရုံစိုက်ဖတ်နေတော့ အသံတိတ်နေကြတာ အမေက မသိဘူးလေ။ ဖိနပ်တွေတွေ့မှ အိမ်ပေါ်ကလေးတွေရောက်နေတာသိတော့တာပါ။ အမေကမုန့်တွေချကျွေးတော့ အားမနာတမ်းစားကြပါတယ်။ ကျွန်မတို့ငယ်စဉ်ကလေးဘဝရဲ့ ပျော်စရာလေးတွေပါ။ အဖေကစာဖတ်တာဝါသနာပါသူဆိုတော့ စာအုပ်တွေအတော်များများဝယ်စုပါတယ်၊ ဖတ်ပါတယ်။ အဖေဖတ်ပြီးတဲ့ စာအုပ်လေးတွေမှာ မှတ်သားထားတာတွေ အခုမှပြန်တွေ့ပါတယ်။ စာအုပ်တိုင်းမှာ အဓိကအချက်တွေကို မှတ်ထားခဲ့ပါတယ်၊ ဘာသာရေး၊ လူမှုရေး၊ ဥပဒေ၊ သမိုင်း၊ ပထဝီ၊ ဘာသာပြန်ဝတ္ထု၊ မဂ္ဂဇင်း၊ စွယ်စုံကျမ်း၊ အဘိဓာန် အစုံရှိပါတယ်။ ကျွန်မအတွက် အဖိုးမဖြတ်နိုင်တဲ့အမွေပါ။ အဖေ့စာအုပ်ဗီရိုကို အခုချိန်ထိ ကျွန်မထိန်းသိမ်းခဲ့ပါတယ်။ ငယ်တုန်းကလည်း ဖတ်ခဲ့တယ်။ အခုထိလည်း ထပ်ခါထပ်ခါဖတ်နေရတဲ့ ဂျိမ်းစ်လှကျော်ရဲ့ မောင်ရင်မောင် မမယ်မ စာအုပ်ဆိုရင် အရင်ကစာအုပ်တန်ဖိုး ၁၂ ကျပ်တန်စာအုပ်ပါ။ ဒါပေမဲ့ကျွန်မအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့စာအုပ်ဖြစ်ပါတယ်၊ ကျွန်မအလယ်တန်းကျောင်းသူဘဝကပေ့ါ။ ပုံနှိပ်မှတ်တမ်းမှာ စတုတ္ထအကြိမ် အုပ်ရေ ၄၀၀၀ တဲ့နော်။ အခုဆို စာအုပ်တွေ ဘယ်လောက်များနေမလဲ တွေးမိပါရဲ့။ မြန်မာစာပေမှာ ပထမဆုံးပေါ်ခဲ့တဲ့ မြန်မာဝတ္ထုဆိုပြီး ထင်ရှားကျော်ကြားတဲ့ မြန်မာ့ဂန္ထဝင်စာအုပ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ မောင်ရင်မောင် မမယ်မကိုဖတ်ပြီးတဲ့အခါမှာ နည်းနည်းအသက်ကြီးလာတော့ ဆရာကြီးရွှေဥဒေါင်းရဲ့ ရတနာသိုက်စာအုပ်ကိုဖတ်မိပါတယ်၊ အဲဒီမှာ ဆရာကြီးဇော်ဂျီရဲ့အမှာစာကို ဖတ်လိုက်ရတဲ့အခါ ရတနာသိုက်ဝတ္ထုဟာ THE COUNT OF MONTE CRISTO နယ်စားကြီး မွန်တီခရစ်စတိုဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းက မြန်မာပြန်ဆိုခဲ့တဲ့ ကမ္ဘာကျော်ပြင်သစ်ဝတ္ထုဖြစ်ကြောင်းသိရှိမှတ်သားရပါတယ်၊ အဲဒီဝတ္ထုရဲ့ ရှေ့ပိုင်းဇာတ်လမ်းသဘောကိုယူကာ ဂျိမ်းစ်လှကျော်က ၁၉၀၄ ခုနှစ်တွင် မောင်ရင်မောင် မမယ်မဝတ္ထုကို ဖန်တီးခဲ့ကြောင်းသိလိုက်ရတော့ စာအုပ်နှစ်အုပ်ကို နှိုင်းယှဉ်ကာဖတ်မိပါတယ်။ မောင်ရင်မောင် မမယ်မကလည်း ဆရာကြီးဂျိမ်းစ်လှကျော်က မြန်မာဆန်ဆန် မြန်မာ့မြေမှာ မြန်မာပီပီ မြန်မာတို့လူ့ပ်ရှားပြုမူကြပုံ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံကို အလွမ်းအဆွေးအသောလေးများနဲ့ ရေးဖွဲ့ထားသည်မှာ အလွန်ပင်နှစ်လိုဖွယ်ကောင်းပါတယ်။ ရတနာသိုက်ဝတ္ထုကလည်း ဇာတ်လမ်းအဆင်ကောင်းကောင်းနဲ့ မြန်မာဘာသာပြန် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။ ထပ်ခါထပ်ခါဖတ်မိပါတယ်။

အတုယူမိပါတယ်။ အနောက်နိုင်ငံကဝတ္ထုကောင်းတစ်အုပ်ကိုဆရာကြီးရွှေဥဒေါင်းရဲ့ကျေးဇူးကြောင့် ကျွန်မတို့ဖတ်ရှုမှတ်ရလေ့လာခွင့်ရတာပါ။

နောက်တော့ မင်းဆွေရဲ့ခေါ၊ ခင်ဆွေဦးရဲ့ တို့တိုင်းဌာနီ၊ ရန်ကုန်ဘဆွေရဲ့သေသော်မှတည့်သြော်ကောင်း၏၊ တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူ့ကျွန်မခံပြီတို့ကို ဖတ်မိလိုက်ပါတယ်။ ဟိုးအရင်က မျိုးချစ်သူရဲကောင်းတွေကို မှတ်သားရသလို နိုင်ငံကိုသစ္စာဖောက်တဲ့ အမျိုးဖျက်များကိုလည်း ရွံမုန်းမိရပါတယ်။ ဗဟုသုတအားနည်းခြင်း၊ နိုင်ငံရေးအမြင်လွဲမှားခြင်းတို့ကြောင့် နိုင်ငံ့လွတ်လပ်ရေးဆုံးရှုံးရခြင်းကိုလည်း စာအုပ်များမှတစ်ဆင့် မြင်တွေ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံချစ်စိတ်မျိုးချစ်စိတ်များက ပြန်လည်နိုးထလာပြီး လွတ်လပ်ရေးကို အသက်သွေးချွေးများစွာစတေးရယူကာ လက်ရုံးရည်နှလုံးရည်ကောင်းကောင်းနဲ့ နိုင်ငံကိုအချုပ်အခြာအာဏာ ပြန်လည်တည်ဆောက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ကိုလည်း စာအုပ်တွေထဲမှာတွေ့ရှိရပါတယ်၊ ဆရာကြီးမောင်သန်းဆွေ(ထားဝယ်)၊ ဆရာကြီးတိုးလှတို့ရဲ့ စာအုပ်တွေဖတ်ရပြန်တော့ သမိုင်းထဲကဖြစ်ရပ်တွေ လေ့လာသိရှိရပါတယ်။ ဆရာကြီးတိုးလှရဲ့ ရာဇဝင်ထဲက အချစ်မီးလျှံများ ဖတ်လိုက်တဲ့အခါမှာ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်ရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို ခြုံငုံမိရပါတယ်။ ရဲဘော်အောင်ဒင်ဖတ်ပြီးပြန်တော့ ဘဝကိုအရှုံးမပေး၊ ဘဝကိုအောင်မြင်စွာ ပြန်လည်တည်ဆောက်နိုင်တဲ့ စာရေးဆရာ ရဲဘော်အောင်ဒင်ကို အားကျမိပါတယ်။ စာကောင်းပေမွန်တွေဟာ ကျွန်မတို့ရဲ့ ဘဝခရီးကိုလမ်းညွှန်ပြသပေးနေကြတာပါ။ ယူတတ်ဖို့တော့ လိုတာပေ့ါနော်။ ယူသူကရပြီးမယူသူကတော့ မသိခြင်းနားမလည်ခြင်းတွေထဲမှာ ချာချာလည်နေတာပါပဲ။

အချိန်တစ်ခုမှာတော့ စာအုပ်တွေနဲ့ ခဏဝေးခဲ့ရတယ်ပေ့ါ။ အဖေ့စာအုပ်တွေကတော့ စာအုပ်ဗီရိုကြီးနဲ့သိမ်းထားဆဲပါပဲ။ ကွန်ပျူတာကျောင်းတစ်ခုမှာ ဆရာမလုပ်ရင်း အိုင်တီနယ်ပယ်ကို ထဲထဲဝင်ဝင်လေ့လာနိုင်ခဲ့ပါတယ်။ အလုပ်ကစာတွေကိုပဲ လုပ်နေရတော့ တခြားစာအုပ်တွေဖတ်ဖို့ အချိန်မရဖြစ်ခဲ့ရပါတယ်။ ခေတ်ကာလအရ အင်တာနက်ကြီးပေါ်လာတယ်။ နောက်ဖုန်းတွေ နည်းပညာတွေ တိုးတက်လာတဲ့အချိန်တစ်ခုမှာတော့ ဖေ့စဘွတ်လူမှုကွန်ရက်ဆိုတာကြီးနဲ့ အကျွမ်းတဝင်ဖြစ်လာရတဲ့အလျောက် စာဖတ်ခြင်းက နောက်မှာကျန်ခဲ့ရပြီး မီဒီယာဝဲထဲ နစ်နေခဲ့ရပါတယ်။ ဒါပေမဲ့အင်တာနက်ကို ထဲထဲဝင်ဝင်နားလည်ခဲ့တဲ့အလျောက် ရှာဖွေတတ်တဲ့သူဖြစ်လေတော့ အများကြီးပြတ်လပ်သွားခြင်းတော့မရှိပါဘူး။ အင်တာနက်ပေါ်မှာ ပညာရပ်ဆိုင်ရာတွေရှာဖွေရင်းလေ့လာရင်းနဲ့ ပြန်လည်မျှဝေခြင်းတွေ လုပ်နိုင်လာခဲ့တယ်။ နေ့စဉ်အားလပ်ချိန်တွေမှာတော့ လူမှုကွန်ရက်မှာ ပါဝင်စီးမျောမိလာတယ်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနကဖိတ်ကြားလို့ ကျွန်မရဲ့နည်းပညာတွေမျှဝေရင်း ပြန်ကြားရေးစာကြည့်တိုက်တွေရောက်ဖြစ်တယ်။ စာတွေပြန်ဖတ်မိလာပါတယ်။ Book Club တွေတက်မိလာတော့ စာရေးဆရာအစုံရဲ့လက်ရာတွေကို ဖတ်မိလာပါတယ်။ စာတွေကို စိတ်ဝင်တစားဖတ်မိရင်းနဲ့ ကျွန်မကို အသိပညာပေးလာတာကတော့ ဆရာမကြီး ဒေါက်တာမတင်ဝင်းဖြစ်ပါတယ်။ နောက် ဆရာကြီးချစ်နိုင်(စိတ်ပညာ)၊ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၊ ဆရာကြီးအောင်သင်း စသည်ဖြင့် စာရေးဆရာအတော်များများရဲ့စာတွေနဲ့ ကျွမ်းဝင်လာခဲ့ရပါတယ်။ နည်းပညာသင်ကြားသူဖြစ်တာကြောင့် စာဘယ်လိုဖတ်ရမယ် ဘယ်လိုမှတ်ရမယ်ဆိုတာ ကျွမ်းဝင်ပြီးသားဖြစ်လေတော့ စာဖတ်ခြင်းအနုပညာသာမက မျှဝေခြင်းအနုပညာကိုပါ ပါဝင်စီးမျောမိလာပါတယ်။ စာတွေရေးကြည့်မိလာပါတယ်။ စာဖတ်ဝိုင်းတွေတက်ရင်းနဲ့ အသိတွေတိုးရပါတယ်၊ သမိုင်းကိုသိလာရတယ်၊ မြန်မာ့ရိုးရာဓလေ့တွေ၊ တိုင်းရင်းသားရေးရာတွေ၊ နိုင်ငံ့အရေးတွေ၊ အတွေးအမြင်စာစုတွေ၊ ရိုးရာထုံးတမ်းကျင့်ဝတ်တွေ စသည်ဖြင့် ပိုပိုပြီးသိလာရပါတယ်၊ အထူးသဖြင့် ဆရာမကြီးစောမုံညှင်း၊ ဆရာမကြီး ဒေါက်တာမတင်ဝင်းတို့ စာတွေဖတ်ပြီး ရိုးရာဓလေ့ထုံးစံတွေ၊ လိုက်နာကျင့်သုံးသင့်တာတွေ စကားအပြောအဆို ကောင်းမွန်စေဖို့၊ ကိုယ်အမူအရာကောင်းစေဖို့ ဘယ်လိုနေရမယ်၊ ဘယ်လိုပြောရမယ်ဆိုတာတွေ သိလာရပါတယ်။ ကိုယ်တိုင်သိသမျှကိုလည်း ပြန်လည်မျှဝေတတ်လာပါတယ်။

စာမျက်နှာ ၁၄ သို့ ◆

◆ စာမျက်နှာ ၁၃ မှအဆက်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဖိတ်ခေါ်မှုကြောင့် အသိပညာပေးအစီအစဉ်တွေမှာ ပါဝင်ဟောပြောပေးနိုင်ခဲ့ပါတယ်။ နိုင်ငံပိုင်ရုပ်မြင်သံကြားမှာလည်း ပါဝင်နိုင်ခဲ့ပါတယ်။ စာဖတ်ခြင်းကြောင့် ရရှိခဲ့တဲ့အတွေ့အကြုံတွေကများပါတယ်။ စာဖတ်ခြင်းကြောင့် မှန်ကန်သောအသိအမြင်တွေ ရရှိပါတယ်။ စာဖတ်ခြင်းကြောင့် မှန်ကန်သောအတွေးအခေါ်တွေရရှိပါတယ်။ မိမိဘဝကို ဘယ်လိုထူထောင်သင့်တယ်။ ဘယ်လိုခရီးဆက်သင့်တယ်။ အနာဂတ်ကောင်းရဖို့ ဘာတွေလုပ်သင့်တယ်ဆိုတာကို နားလည်နိုင်ပါတယ်။ လုပ်ဆောင်နိုင်လာပါတယ်။

စာဖတ်ခြင်းဆိုတာ ဟင်းချက်ခြင်းတို့ သစ်ပင်စိုက်ခြင်းတို့လို အတတ်ပညာ နည်းပညာတစ်ခုလို့ ဆရာမတစ်ယောက်ကရေးဖူးပါတယ်။ စာဖတ်ခြင်းအနုပညာကလူတိုင်းလုပ်နိုင်သောအရာပါ။ စာမတတ်သူပပျောက်ရေးအတွက် နိုင်ငံတော်မှ တစ်တပ်တစ်အား လုပ်ဆောင်ခဲ့လို့ နိုင်ငံတစ်ဝန်းစာတတ်ကြပါပြီ။ အခုအချိန်ကတော့ စာမဖတ်သူပပျောက်ရေးကို ဆက်လက်လုပ်ဆောင်နေချိန်ဖြစ်ပါတယ်။ လုပ်လည်းလုပ်ရမှာဖြစ်ပါတယ်။ အခုဆို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးနှင့် ပညာရေးဌာနတို့ပူးပေါင်းကာ လူငယ်များ အသိပညာတိုးတက်စေရေး၊ ဗလငါးတန်ဖွံ့ဖြိုးစေရေး အလေးထားလုပ်ဆောင်လျက်ရှိပါတယ်။ လူငယ်စကားဝိုင်းများမှာ လူငယ်တွေရဲ့အစွမ်းအစတွေ မြင်နေရပါတယ်၊ စာရေးဆရာများကလည်း အသိပညာပေးဟောပြောပွဲတွေဟောကြပြောကြတာက အားရစရာကောင်းလှပါတယ်။ လူငယ်တွေသာမက လူကြီးများလည်းပါဝင်စေချင်ပါတယ်။

> ○ **စာဖတ်ခြင်းကြောင့် မှန်ကန်သောအသိအမြင်တွေရရှိ၊ စာဖတ်ခြင်းကြောင့် မှန်ကန်သောအတွေးအခေါ်တွေရရှိ . . .**
>
> ○ **လူမှုကွန်ရက်ပေါ်မှ သတင်းစကားများသည် အမှန်သတင်းလား၊ အမှားသတင်းလား ဝေဖန်ဆန်းစစ်နိုင်ဖို့လိုအပ်၊ အမှန်အတိုင်းသိနိုင်ဖို့ စာများများဖတ်သင့်၊ အမှန်သိမှသာလျှင်ဘဝတိုးတက်ရေးကို အထောက်အကူဖြစ် . . .**

**“Be a lifelong learner.”**

“တစ်သက်လုံး သင်ယူနေသူဖြစ်ပါစေ” တဲ့နော်။ ကျွန်မ မှတ်သားမိတာလေးပါ။ ကျွန်မတို့ဘဝတစ်လျှောက်လုံး အမြဲသင်ယူနေသူဖြစ်ရပါမယ်။ ပညာလိုအိုသည်မရှိလို့ ဆိုထားတယ်မဟုတ်ပါလား။ ကျွန်မတို့ရဲ့ဘဝခရီးလမ်းမှာ စာပေဆိုတာမရှိမဖြစ်သောအရာပါ။ “လူတစ်ယောက်သည် မိမိနှစ်သက်ရာ စာပေဘာသာရပ်တစ်ခုခုကို တစ်ရက်လျှင် မိနစ်ပိုင်းမျှဖတ်ရှုပါက လေးနှစ်ကြာလျှင် ထိုဘာသာရပ်တွင် ဘွဲ့ရရှိသူတစ်ဦးကဲ့သို့ တတ်ကျွမ်းသွားပေမည်” လို့ မှတ်သားရပါတယ်။ ခေတ်ကာလနဲ့အညီ ကိုယ့်အနီးအနား၊ ကိုယ့်လုပ်ငန်းခွင်၊ ကိုယ့်ပတ်ဝန်းကျင်တွေမှာ စာအုပ်စာပေများ ဖတ်ရှုလေ့လာနိုင်ပါတယ်။ စာကြည့်တိုက်များမှာလည်း ရသစာပေ၊ သုတစာပေများ လေ့လာဖတ်ရှုနိုင်ပါတယ်။ အင်တာနက်ပေါ်ကနေ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတွေ ရှာဖွေလေ့လာနိုင်ပါတယ်။ မိမိတို့လူကြီးမိဘ ဆရာသမားများရဲ့ ဆိုဆုံးမမှုတွေခံယူကြပြီး မိမိတို့ဘဝတိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ မိမိတို့အားလပ်ချိန်များကို အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိတဲ့စာပေကောင်းများကိုဖတ်ရှုလေ့လာမှတ်သားပြီး မိမိတို့အရည်အသွေးကို မြှင့်တင်ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်အရည်အသွေးများမြင့်မားလာသည်နှင့်အမျှ အောင်မြင်ပြည့်စုံသောဘဝကို ရရှိလာနိုင်မှာဖြစ်ပါတယ်။ စာများများဖတ်ခြင်းဖြင့် ထိုက်သင့်သောကာလတစ်ခုရောက်ပြီဆိုပါလျှင် ရင့်ကျက်သော၊ တည်ငြိမ်သော လူသားတစ်ဦးအဖြစ် မိမိကိုယ်တိုင် ကောင်းမွန်သောဘဝရရှိနိုင်သလို နိုင်ငံအတွက်လည်း နိုင်ငံသားကောင်းတစ်ဦး ဖြစ်လာနိုင်ပါတယ်။ အနာဂတ်ကိုဦးဆောင်ကြမယ့် လူငယ်များအဖို့တော့ ပိုပြီးအရေးကြီးပါတယ်။ လူတော်လူကောင်းများဖြစ်ဖို့ လိုအပ်ပါတယ်။ အမှန်သိ၊ အမှန်မြင်သော၊ အမှန်ကိုဆုံးဖြတ်နိုင်စွမ်းရှိသောသူများ ဖြစ်ဖို့လိုအပ်ပါတယ်။

အခုအချိန်ဟာ မီဒီယာခေတ်ဖြစ်လာတဲ့အတွက်အိုင်တီနယ်ပယ်နဲ့ မကျွမ်းဝင်သောလူကြီးတချို့က ကျွန်မကို ကွန်ပျူတာအသုံးပြုခြင်း၊ ဖုန်းအသုံးပြုခြင်းများ တစ်ခါတစ်ရံမေးလာပါတယ်။ တတ်နိုင်သလောက်ဝေမျှပေးပါတယ်၊ အင်တာနက်ဆိုတာဘယ်လိုအသုံးပြုရတယ်၊ ဘယ်ဟာဆို ဘာလုပ်ပေါ့နော်။ မှန်ကန်စွာသုံးတတ်ဖို့လိုအပ်ပါတယ်။ အခုခေတ်မှာတော့ နည်းပညာတွေ သင်နိုင်တာတွေတစ်ပုံကြီးပါ။ လေ့လာရင် လေ့လာသလောက်အလွယ်တကူရနေပါပြီ၊ အင်တာနက်ဆိုတာကြီးနဲ့ အကုန်ရှာနိုင်တယ်။ ရှာတတ်ဖို့ပဲလိုပါတယ်။ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတွေကို ရှာဖွေလေ့လာနိုင်ပါတယ်။ ဒါပေမဲ့ လူမှုကွန်ရက်ပေါ်မှာပဲ အချိန်မကုန်စေချင်ပါဘူး။ လူမှုကွန်ရက်ပေါ်မှသတင်းစကားများသည် အမှန်သတင်းလား၊ အမှားသတင်းလား ဝေဖန်ဆန်းစစ်နိုင်ဖို့လိုအပ်ပါတယ်။ လူငယ်တွေ လူကြီးတွေ အတွေးမမှားစေချင်ပါဘူး။ အမှန်အတိုင်းသိနိုင်ဖို့ စာများများဖတ်သင့်ပါတယ်။ အမှန်သိမှသာလျှင် ဘဝတိုးတက်ရေးကို အထောက်အကူဖြစ်မှာပါ။ လူမှုကွန်ရက်ပေါ်မှာပဲ နစ်မျောနေရမယ့်အချိန်မဟုတ်တော့ကြောင်း သတိချပ်စေချင်ပါတယ်။

နောက်တစ်ခုက ဂိမ်းဖြစ်ပါတယ်။ အင်တာနက်ဂိမ်းများ များပြားစွာရှိနေတဲ့အချိန်မှာ ဂိမ်းကစားကြတဲ့ လူငယ်လူကြီးအများအပြားကိုတွေ့ရှိရပါတယ်၊ ခဏတာစိတ်အပန်းပြေစေရန်ကစားရာမှငွေကြေးဖြင့်ကစားခြင်းအဆင့်ကိုတက်ကာ လောင်းကစားဝဲဂယက်မှာနစ်ကုန်သူအများအပြားတွေ့နေရပါတယ်။ လောင်းကစားခြင်းကြောင့် မိမိတို့ရှာဖွေစုဆောင်းထားတဲ့ငွေကြေးများအလဟဿကုန်နေခြင်းများကို သတိထားစေချင်ပါတယ်။ ရှောင်ရှားစေချင်ပါတယ်။ တချို့ဆို ကိုယ်ပိုင်အိမ်ကို စွန့်လွှတ်ရပြီး အိမ်ငှားဘဝရောက်အောင် လောင်းကစားဝဲဂယက်ထဲနစ်ကြရတာတွေ၊ ထောင်ထဲကိုပါရောက်သွားရတာတွေ တွေ့ရမြင်ရကြားရသည်မှာ မနှစ်သက်စရာ၊ ဝမ်းနည်းစရာကောင်းလှပါတယ်။ မိမိကိုယ်ကို ထိန်းကျောင်းတတ်ဖို့ လိုအပ်ပါတယ်။ အသိပညာ၊ အတတ်ပညာ ပြည့်စုံသူအဖို့ကတော့ မိမိကိုယ်ကိုကောင်းမွန်အောင် ထိန်းကျောင်းတတ်ပါတယ်၊ ချင့်ချိန်တတ်ပါတယ်။ စာပေက ရှောင်ရန်ဆောင်ရန်တွေကို သင်ကြားပေးနေတာပါ။

ဆရာတော်ကြီးတစ်ပါး ဆုံးမခဲ့တဲ့ စိတ်ကောင်းရှိဖို့ကပထမဆိုသော ဆုံးမစာလေးကို မကြာခဏသတိရမိပါတယ်။ အသိပညာမရှိသူတို့ဟာ ကိုယ်ချင်းစာစိတ်မရှိကြပါ။ စာနာထောက်ထားမှုမရှိကြပါ။ လူသားအချင်းချင်း စာနာထောက်ထားမှု၊ ကူညီဖေးမရိုင်းပင်းမှု၊ မေတ္တာဖြင့် ပေါင်းသင်းဆက်ဆံမှုတို့ကို စာဖတ်ခြင်းဖြင့် သိရှိနားလည်နိုင်ပါတယ်။ ထိုထိုသော အဆိပ်အတောက်များကို ဖယ်ရှားနိုင်ပါတယ်။ စာဖတ်ခြင်းဖြင့် ပထမ မိမိဘဝကိုမြှင့်တင်ပေးပါတယ်။ မိမိတို့ရဲ့ စိတ်ပိုင်းဆိုင်ရာအားနည်းမှုကို ဖယ်ရှားပေးပြီး စိတ်ခွန်အားများတက်လာစေပါတယ်။ လူငယ်များ မျိုးချစ်စိတ်ထက်သန်ပြီး မှန်ကန်သောအသိအမြင်များကို ရစေပါတယ်။ မိမိရပ်ရွာ၊ မိမိမြို့နယ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးမြင့်သထက်မြင့်အောင်ကြိုးစားအားထုတ်ကြပြီး အောင်မြင်တိုးတက်သွားမှာဖြစ်ပါတယ်။

အနာဂတ် နိုင်ငံသားကောင်းများဖြစ်လာဖို့ လူငယ်များစာဖတ်ခြင်းဖြင့် အသိပညာများ တိုးတက်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄


(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မြန်မာနိုင်ငံသား ၁၁ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန်စီစဉ်သူများအား အရေးယူဆောင်ရွက်မှု အခြေပြဇယား




မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သည့်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ




မြန်မာနိုင်ငံကူး လက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်/ထွက် တံဆိပ်တုံး အတုများ။

⊃ **ကျောဖုံးမှအဆက်**

မန်နေးဂျင်းဒါရိုက်တာ နွယ်နီလှိုင်မင်း၊ ဒါရိုက်တာခင်မောင်ရွှေ(ခေါ်)ဗလတို့က တစ်ဦးလျှင် ဝန်ဆောင်ခငွေကျပ်သိန်း ၈၀ စီ ရယူ၍လည်းကောင်း၊ မောင်ကျော်မင်းထွန်းပါ ၂ ဦးအား ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့်၊ Central Tower တတိယထပ်၊ အခန်း (၃၀၂)ရှိ လျှမ်းထက်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေးဂျင်းဒါရိုက်တာစုမြတ်(ခေါ်)စုမြတ်နန္ဒာဝင်းက တစ်ဦးလျှင်ငွေကျပ်သိန်း ၇၀ စီရယူ၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများပြုလုပ်ပေးကာ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်၍ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ကြောင်းသိရှိရသဖြင့် မြဝတီမြို့မရဲစခန်းက နွယ်နီလှိုင်မင်း၊ ဗလနှင့်စုမြတ်တို့ကို ဥပဒေအရအမှုဖွင့်လှစ်အရေးယူခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ One Asia အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ နွယ်နီလှိုင်မင်း၊ ဗလ၊ လျှမ်းထက်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ဝဏ္ဏဇော်(ခေါ်)ကိုပေါက်၊ နိုင်ငံကူးလက်မှတ်အတုပြုလုပ်သူများဖြစ်သည့် ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ်(၇၂/ ၃ လွှာ-စီ)နေ ညီမင်း၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ မာလာမြိုင်(၉)လမ်း၊ အမှတ်(၁၁/ ၅ လွှာ-ယာ)နေ **စာမျက်နှာ ၁၆ သို့ ⊃**






မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်/ထွက်တံဆိပ်တုံးအတုများ။




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်/ထွက်တံဆိပ်တုံး အတုများဖြင့် ရိုက်နှိပ်ထားသည့်မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး လုဒ်မယ်တော်ကျောင်း(မယ်တော်ဂူ)အတွက် အလှူငွေများပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်အတွင်း KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အဆိုပါ မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ ဝင်ရောက်ကာ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခဲ့သည်။

ထိုသို့လုပ်ဆောင်နေမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများသည် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများပိုင်ဆိုင်သည့်ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။

ယခုအခါ တပ်မတော်၏ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် နယ်မြေဒေသပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် အကြမ်းဖက်သမားများဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ်အတွင်းရှိ လမ်းဘေးဝဲ/ယာနေရာများနှင့်လုဒ်မယ်တော်ကျောင်း(မယ်တော်ဂူ) နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လုဒ်မယ်တော်ကျောင်း(မယ်တော်ဂူ)အတွက် အလှူငွေများပေးအပ်ပြီး အဆိုပါမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား နတ်တောဘုန်းတော်ကြီးကျောင်းတွင် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

⊃ စာမျက်နှာ ၁၅ မှအဆက်

ဂျွန်ကိုကို (ခေါ်)ဂျွန်ကိုနှင့်၎င်း၏ဖခင်ဖြစ်သူထွန်းရီ၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများကို ဂျွန်ကိုကိုထံအပ်နှံပြုလုပ်၍ အလုပ်သမားများကို မလေးရှားနိုင်ငံသို့တရားမဝင်ပို့ဆောင်ပေးသူများဖြစ်သည့် ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လမ်း(၃၀/အထက်)၊ အမှတ်(၂၀၀)နေ စန်းဝင်း(ခေါ်)ရဖီးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့် ဗထူးလမ်းသွယ်ထောင့်၊ အမှတ်(၁)နေ သန့်ဇင်ဦးတို့ ၈ ဦးကို ဖမ်းဆီးရမိခဲ့ပါသည်။


ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ နွယ်နီလှိုင်မင်း၊ ဗလ၊ စုမြတ်၊ စန်းဝင်းနှင့် သန့်ဇင်ဦးတို့သည် မလေးရှားနိုင်ငံရောက် ကျော်စွာဆိုသူက မြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ စေလွှတ်ပေးရန် အလုပ်အပ်နှံမှုအပါအဝင် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို စုဆောင်း၍ အခကြေးငွေကျပ်သိန်း ၈၀ ရယူပြီး ကျော်စွာအား ၁၇ သိန်းကျပ်၊ ဇော်လင်းပိုင်နှင့် မျိုးလေး(ခေါ်)ဖာရွတ်တို့အား ထိုင်းဘတ်ငွေ ၂၀၀၀၀ (မြန်မာကျပ်ငွေ ၂၄ သိန်း)စီ၊ အထွေထွေကုန်ကျစရိတ် ၂ သိန်းကျပ်ကုန်ကျခဲ့ရာ နွယ်နီလှိုင်မင်းနှင့် ဗလတို့က ၁၃ သိန်းကျပ် အကျိုးအမြတ်ရယူ၍ မလေးရှားနိုင်ငံနေ မျိုးလေး၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သူ ဂျွန်ကိုကိုထံ အပ်နှံအတုပြုလုပ်၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်မှ အချက်အလက်များကို ပြုပြင်အတုပြုလုပ်သူ ညိုမင်းထံ အပ်နှံပြုပြင်၍လည်းကောင်း မြန်မာနိုင်ငံကူးလက်မှတ်အတုများ ပြုလုပ်ကာ အလုပ်သမားများကို ရန်ကုန်မြို့သို့ ခေါ်ယူစုစည်း၍ ရန်ကုန်မြို့မှခရီးသည်တင်ယာဉ်ဖြင့် မြဝတီမြို့သို့ပို့ဆောင်ပေးကြောင်း၊ မြဝတီမြို့သို့ရောက်ရှိပါက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နေ ဇော်လင်းပိုင်ဆိုသူ၏ ကိုယ်စားလှယ်ဖြစ်သူ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်မြေရွှေဘိုရပ်နေ သက်နန္ဒာဝင်းက အမှတ်(၁)မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားမှ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(TBP)ဖြင့်လည်းကောင်း၊ တရားမဝင်လမ်းကြောင်းများမှလည်းကောင်း ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ပို့ဆောင်ကြောင်း၊ မဲဆောက်မြို့သို့ရောက်ရှိပါက ဇော်လင်းပိုင်က ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(ဘတ်ကတ်)အတုများ ထုတ်ပေးကာ မဲဆောက်မြို့မှ ဘန်ကောက်မြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ကြောင်း၊ ဘန်ကောက်မြို့သို့ ရောက်ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်အတုဖြင့် ထိုင်းနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်ဝယ်ယူ၍ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နရာသီဝမြို့သို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးကြောင်း၊ နရာသီဝမြို့သို့ရောက်ရှိပါက မျိုးလေး၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံနယ်စပ်၊ ကလန်တန်းမြို့သို့ တရားမဝင်ရေလမ်းကြောင်းမှ လှေဖြင့်လည်းကောင်း၊ ကလန်တန်းမြို့မှ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့သို့ တရားမဝင်ကုန်းလမ်းကြောင်းမှ မော်တော်ယာဉ်ဖြင့်လည်းကောင်း ပို့ဆောင်ကြောင်း၊ ၎င်းနောက် မလေးရှားနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းများဖြင့် မလေးရှားနိုင်ငံအတွင်း မြန်မာနိုင်ငံကူးလက်မှတ်အတုများကိုင်ဆောင်သွားလာ အလုပ်လုပ်ကိုင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေအရအရေးယူဆောင်ရွက်ထားရှိကြောင်း၊ ဂျွန်ကိုကိုအနေဖြင့် ဗလနှင့်စုမြတ်တို့အပါ ၁၄ ဦးတို့အပ်နှံသည့် နိုင်ငံကူးလက်မှတ်အတု ၇၃၄ အုပ်အား အတုပြုလုပ်ပေးခဲ့ကြောင်းနှင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသည့် ကျန်တရားခံများဖမ်းဆီးရမိရေးအတွက် ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

---

■ ရှေ့ဖုံးမှအဆက်

"ဒီနှစ်ဆောင်းရာသီမှာ ဆောင်းခိုငှက်မျိုးစိတ်လေးမျိုး လျော့နေတာတွေ့ရတယ်။ မိုးရေဝင်ရောက်မှုများခဲ့တာရယ်၊ အအေးဓာတ်လျော့နေတာရယ်ကြောင့်ဆောင်းခိုငှက်အဝင်နည်းသေးတာလို့ ပြောရမှာပါ။ အခုလကုန်ပိုင်းဆိုရင် ကောင်ရေဝင်ရောက်မှုအတိအကျသိနိုင်ပါပြီ။ မိုးယွန်းကြီးအင်း







သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး ဖယ်ခုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။





KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ်အတွင်း အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။

ကို ရှားပါးငှက်မျိုးစိတ် ၁၀ မျိုးဝင်ရောက်လေ့ရှိပြီးတော့ ဒီရာသီမှာ မျိုးစိတ်ငါးမျိုးတွေ့နေရပါပြီ။ နောက်လမှာအားလုံးတွေ့ရနိုင်ပါတယ်” ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ယခုဆောင်းရာသီ၌ အင်းရေပြည့်နေပြီး အနိမ့်ဆုံးနေရာတွင် ရေအနက် ၅ ပေကျော်နှင့် အနက်ဆုံးနေရာ၌ ၁၀ ပေကျော်ရှိနေ၍ ဆောင်းခိုငှက်ဝင်ရောက်မှု ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းနေသော်လည်း လကုန်ပိုင်းတွင် ထပ်မံဝင်ရောက်လာနိုင်သည်ဟု မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးက ခန့်မှန်းထားသည်။

ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ဆောင်းခိုငှက်မျိုးစိတ် လေးမျိုးမှ ငှက်ကောင်ရေ ၆၄၀ ကျော် လျော့နည်းခဲ့သော်လည်း ယခုနှစ်ဆောင်းရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၃၀ တွင် ကောင်ရေ ၃၇၀၀ ကျော်၊ ဌာနေရေပျော်ငှက်မျိုးစိတ် ၁၉ မျိုးတွင် ကောင်ရေ ၈၉၀၀ ကျော်၊ ကုန်းနေငှက် မျိုးစိတ် ၆၆ မျိုးတွင် ကောင်ရေ ၇၅၀၀ ကျော် စုစုပေါင်း ငှက်မျိုးစိတ် ၁၁၅ မျိုးမှ ငှက်ကောင်ရေ ၂၀၀၀၀ ကျော် ဝင်ရောက်ကျက်စားလျက်ရှိပြီး နို့တိုက်သတ္တဝါ ၁၂၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ တည်ရှိနေကြောင်း သိရသည်။

အင်းအတွင်းနှင့် အင်းဇရိယာအစပ်တို့၌ ဘဲပြာကလေး၊ တောဝမ်းဘဲ၊ ခရုတုတ်၊ ခရုစုတ်ခေါင်းမဲ၊ ရေညှောင့်၊ ဒီလုံး၊ ဒေါင်းလန်းခြေထောက်၊ တစ်တီတူး၊ တလိုင်းခေါင်း၊ တောဝမ်းဘဲ၊ ဘဲအ၊ စစ်စလီ၊ ရေကြက်ဒုံ၊ အော်ယော်၊ စင်ရော်နှင့် အခြားဆောင်းခိုငှက်များ ကျက်စားလျက်ရှိပြီး ဒိုက်များနှင့် ကြာတောများအတွင်း၌ တင်ကျီး၊ ဥပန်း၊ စစ်စလီ၊ မယ်ညို၊ ကရကတ်၊ ခရုစုတ်၊ ငှက်ကျား၊ ခရုစုတ်ခေါင်းမဲ၊ မယ်ညို၊ ငဟစ်၊ ဗျိုင်းအောက်၊ ကြာဖက်နင်း၊ ဘောင်ထုတ်၊ စွန်တောက်ကျား၊ လင်းဝက်၊ ပိန်းညင်း၊ ပုစဉ်းထိုး၊ ငှက်တစပ်၊ စွန်တောင်နက်၊ ဒေါင်းစွန်၊ ငှက်တော်၊ ငှက်ပန်းထိမ်၊ ဗျိုင်းမျိုးစိတ်များနှင့်အခြား ဌာနေရေပျော်ငှက်များ ကျက်စားလျက်ရှိကြောင်း မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်များ အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်ဝင်ရောက်လေ့ရှိပြီး ဧပြီလ နောက်ဆုံးပတ်တွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်း သိရသည်။

ညီမ်းသူ( သတင်းစဉ်)

ဓာတ်ပုံ - မိုးယွန်းကြီးအင်း
အုပ်ချုပ်ရေးမှူးရုံး

## ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၆

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ/မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း/အတိုးငွေ စုစုပေါင်း ငွေကျပ် ၄၇ ဒသမ ၃၀၄၆ သန်းရရှိနေပြီး သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးအတွက် ငွေကျပ် ၄၆ ဒသမ ၀၁၁ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၆

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Potato from Shan State marketable in Maubin Township



MAUBIN January 6

"Potato which flows from Shan State into the market in Maubin Township of Ayeyawady Region is marketable," said Daw Ni Ni Win, the owner of foodstuff trading wholesale centre in Maubin Township.

Potato from Shan State regularly flows into domestic markets in Maubin Township of Ayeyawady Region. Starting from the second week of November, trading of these potatoes have been notably booming in Maubin Township, fetching Ks-750,000 per 100 viss.

Daw Ni Ni Win, unveiled: "This year, yield of potato in Maubin Township is lesser. So, prices of potatoes double in Maubin Township rather than last year. Potato fetched Ks-350,000 per 100 viss in the previous year but Ks-750,000 per 100 viss this year. At present, trading of potato is good. The market in trading of potato is booming. Merchants are trading some 100 viss of potatoes daily."

Thanks to good trading of potato, local merchants and those in trading chain are convenient in their livelihoods.

**SK**

# More than 97,000 acres of monsoon paddy harvested in Myaungmya Township

MYAUNGMYA January 6

"A total of 97,542 acres of monsoon paddy has been harvested in Myaungmya Township of Ayeyawady Region," said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Local authorities earmarked cultivation of 165,738 acres of monsoon paddy this year but local farmers have so far harvested 97,542 acres of paddy against the target cultivation.

Daw Khin Htay Myint said: "Local farmers have harvested 97,542 acres of monsoon paddy against the target of 165,738 acres. Our department helped local farmers meet the target cultivation."

Paddy yields 98.13 baskets per acre. Local farmers cultivated Theehtetyin, Thai Baygya, GW-1, GW-11 and other paddy st rains.

**SMK**

# Kyaukmyaung Sub-Township grows over 13,000 acres of winter sesame



KYAUNGMYAUNG January 6

A total of 13,115 acres of winter sesame have been planted this year in Kyaungmyaung Sub-Township, Shwebo District, Sagaing Region, according to the Department of Agriculture for Kyaungmyaung Sub-Township.

During the 2024-2025 winter crops planting season, 13,125 acres of winter sesame are planned to be planted in Kyaungmyaung Sub-Townshipm, and 13,115 acres have been planted since October of this year.

"Sesame cultivation has improved year by year. Sesame is planted in the winter rather than in the rainy season. As an oilseed crop, it is in a successful position," said Daw Khin Win, head of the Department of Agriculture for Kyaungmyaung Sub-Township.

This year, the township Department of Agriculture is providing knowledge to the winter sesame growers in Kyaungmyaung Sub-Township to expand sesame cultivation, to plant using GAP methods, to plant good varieties, and to plant varieties with good yield. **SK**

# Tanintharyi Region's bamboo jelly gains popularity and sales

MYEIK January 6

According to Myeik local food sellers, bamboo jelly, which is a natural food originating from Tanintharyi Region, has become popular and sales have been good.

It has become popular in Yangon Region and is said to be beneficial to health, so orders from all over the area have increased.

"The best-selling product right now is bamboo jelly. It is made from short bamboo during the rainy season. Drinking it as a cold is good for the kidneys. It cools the heart. Many people order it as they like it. Locals also order it. This product is not available in December. Its production started in June. It is like a jelly. It is beneficial to health. It is not even as hard as jelly, but softer. Many people in Yangon now know about it," said an official from the Shwelet Myeik food trading in Kyaukmyaung.

With a jelly-like or edible bird's nest-like texture and a strong aroma of green bamboo, it is commonly used by Myeik locals to serve guests cold drinks.

"It can be stored in the refrigerator for about a month. Its taste has a slight bamboo smell. You can mix it with milk and sugar, or lemon and sugar. The price is cheap. Everyone can afford it. It costs only five thousand kyats for a one-litre bottle," he explained.

**SMK**

# More than 1,900 acres of croplands placed under sunflower in Kanbalu Township

KANBALU January 6

According to the statistics of Kanbalu Township Department of Agriculture, a total of 1,927 acres of sunflower has been planted in Kanbalu Township of Sagaing Region.

In 2024-2025 cold season, Kanbalu Township earmarked 3,044 acres of sunflower, a total of 1,927 of which has been planted.


U Myo Zaw, Head of Kanbalu Township Agriculture Department clarified: "Local authorities earmarked cultivation of more than 3,000 acres of sunflower in the township but farmers have so far planted over 1,000 acres of crops. They are trying hard to meet the target cultivation. Growing sunflower aims to reduce import of cooking oil abroad. Oil product of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in winter rather than monsoon."

Officials of Kanbalu Township Agriculture Department raise momentum of training courses to improve capacity of local farmers and agricultural staff in growing sunflower and expanding sown acreage of crops.

This year, township authorities arrange sale of quality seeds and urea fertilizers to local farmers at fair prices.

**SMK**

# Over 1,600 industries registered in the current financial year



YANGON January 6

A total of 1,607 industries have been registered with the Small-Scale Industries Department under the Ministry of Cooperatives and Rural Development at the current financial year 2024-2025 beginning 1 April.

Registered small-scale industries are classified into 13 business types including food, garment, consumer goods, household goods, printing, mineral, agriculture and equipment-related businesses.

The government supports the small-scale manufacturing sector through various initiatives and relevant laws in each region and state. Laboratories are also set up to ensure food safety and product quality.

Registration can be processed in Nay Pyi Taw Union Territory, regions and states. Five licensed-size photos, three copies of the citizenship scrutiny card,ward administrator's recommendation, six samples labelling ingredients, manufacturing date and expiration date to undertake laboratory tests for food, cosmetic and consumer goods and an application form are required.

**SK**

# Merchants supply 85,000 viss of eel to Yangon market



BOGALE January 6

"Local merchants from Bogale Township in Ayeyawady Region sent 85,000 viss of eel to Yangon market," said Daw Aye Win, the owner of fishery product trading centre in Bogale Township.

Daw Aye Win commented: "Demand is notably high to purchase eel from Bogale. As export of eel resumes, high demand from abroad pushes eel trading in the market. In a month of October, merchants sent 85,000 viss of eel to Yangon market. They focus on sending eels to Yangon market only. Thanks to high demand of stock, those in production chain of eel are convenient in their livelihoods."

Fishery entrepreneurs from Bogale Township send fishery products to Yangon market only. Again, Yangon market distributes fishery products including eel to China, Thailand and Singapore.

**SMK**

# Over 75,000 acres of monsoon paddy reaped in Mudon Township

MUDON January 6

Over 75,000 acres of monsoon paddy were reaped in Mudon Township of Mon State, according to the Township Agriculture Department.

In order to achieve high yield, local farmers have earmarked to plant 75,000 acres of paddy this monsoon season by using agricultural water through a network of canals and ditches from the dam in 2024-2025 Fiscal year, and exceeding the planting target.

Monsoon paddy has been harvested in Mudon Township since the first week of November this year to plant winter crops on time. As of December, all monsoon rice in the Township has been reaped, yielding 5,210,408 baskets of rice.

**SMK**

# Betel leaves in high demand at domestic market in Bogale Township

BOGALE January 6

"Currently, betel leaves from Bogale Township of Ayeyawady Region is in high demand with good trading," said Daw Thuza, the owner of betel leave wholesale centre in Bogale Township.

Demand is high in purchase of betel leaves in Bogale Township from the first week to date. So, merchants sell 1,000 viss of betel leaves per day in the domestic market.

Daw Thuza disclosed: "Now, betel leaves are in high trading in the township. The leave fetches Ks-25,000 per viss. Betel leave trading is high due to demands from domestic market and Mawlamyinegyun Township as well as other regions. Traders ship betel leaves to the customers but they do not have any difficulties in trading."

Betel leave merchants in Bogale Township are selling and dispatching the leaves in systematic packaging to the market. Thanks to booming demand of the leaves, local growers and merchants as well as others in production and trading chains are convenient in their livelihoods.

**SK**

# 150,000 mangrove trees planted in Pyapon, Bogale Township

PYAPON January 6

According to UN-Habitat, the organization has planted 150,000 mangrove trees in Pyapon and Bogale townships in the Ayeyawady Region, with the participation of local communities.

By the end of the 2024 rainy season, 75 acres of mangrove trees, comprising over 80,000 trees, were planted in Pyapon Township, while 50 acres, with more than 60,000 trees, were planted in Bogale Township. The planting was supported by the European Union in Myanmar and carried out by UN-Habitat, with community involvement, according to U Win Naing, the local coordinator.

"We want to preserve the area, so we planted the trees in a community forest. The locals are the primary ones responsible for conservation. We provide them with training. In the past, before these forests were depleted, the locals were the only ones who benefited from them. Now, we are doing this so they can take responsibility and enjoy the benefits. These activities are not enough, so we will continue to expand and plant more," said U Win Naing.

Mangrove forests help develop fish resources, support livelihoods, and mitigate natural disasters. Despite challenges posed by local people, such as expanding farms, cutting firewood, and burning charcoal, authorities are continuously providing locals with training and technology, and are working together with the community to solve problems related to long-term conservation and mixed forest management.

**SK**

# 40 million could die from antibiotic resistance

LONDON January 6

Antimicrobial resistance could claim 40 million lives by 2050 if left unchecked, UK Special Envoy on AMR and England's former chief medical officer, Sally Davies, told the Observer on Sunday.

Antimicrobial resistance (AMR) occurs when bacteria, viruses and other types of germs become stronger than the medications used to treat them – creating so-called "superbugs." As a result, targeted infections become difficult or impossible to treat.

Speaking to the Observer, Davies described AMR as a growing "antibiotic emergency" that threatens routine medical procedures like surgery and childbirth, and which could become life-threatening.

AMR is responsible for approximately one million deaths annually, but that figure is set to double by 2050, according to Davies. Older populations are particularly vulnerable, with mortality rates for people over 70 increasing by 80 percent since 1990, she added.

Despite efforts to limit antibiotic prescriptions and misuse, about 70 percent of all existing antibiotics are used in livestock globally, creating reservoirs of resistant bacteria.

"We're essentially throwing antibiotics at cows and chickens and sheep as cheap alternatives to giving them growth promoters or prophylactics to prevent the spread of disease," Davies said. "If you've got intensive farming where a lot of antibiotics are used or a busy hospital that has a poor sewage system, resistant bacteria can get into waterways."


40 million could die from antibiotic resistance.

The bacteria evolve quickly, multiplying every 20 minutes, and can travel via winds and rain, further complicating containment. "They also mutate a great deal, and if they do so in the presence of antibiotics and that mutation protects them, these strains will multiply," Davies explained to the Observer.

**RT**

# Nearly 50 people killed in Gaza Strip due to Israeli strikes in past day - Health Ministry

CAIRO January 6

At least 49 people have been killed, and 75 injured in Israeli attacks on the Gaza Strip over the past day, the Gaza Strip's Health Ministry said on Monday.

"Over the last 24 hours, the Israeli occupation carried out three mass killings of families in the Gaza Strip. Hospitals received 49 fatalities and 75 injured individuals," the statement read.


Nearly 50 People Killed in Gaza Strip Due to Israeli Strikes in Past Day.

Overall, since the escalation of the conflict in October 2023, the death toll in the Gaza Strip has risen to 45,854, with more than 109,000 people wounded, the ministry added.

On October 7, 2023, Israel was subjected to an unprecedented rocket attack from the Gaza Strip. In addition, fighters of Palestinian movement Hamas infiltrated the border areas, opened fire on the military and civilians and took hostages. Israeli authorities say that about 1,200 people were killed during the raid. In response, the Israel Defense Forces launched Operation Iron Swords in Gaza and announced a complete blockade of the enclave.

**Sputnik**

# Russia foils Ukraine's drone attack on Zaporozhye Nuclear Power Plant

MOSCOW January 6

The Ukrainian military launched drones at the Zaporozhye nuclear power plant and the city of Energodar on January 5, but the attack was thwarted, the Russian Defence Ministry said on Monday.

"On January 5, the Ukrainian armed forces attempted yet another attack on the nuclear power station and the city of Energodar in the Zaporozhye Region using eight airplane-type combat drones," the ministry said.

"All drones were destroyed by air defences. During fall one of them exploded and caused a fire on the roof of a training center at the ZNPP," it added.

The ministry believes that the goal behind Ukraine's persistent attacks on ZNPP is to provoke a man-made disaster.

The attempted attack left no casualties, damage or abnormal radiation levels, and the plant continues to function as usual, the statement read.

**Sputnik**

# Five of family die of suffocation in Indian-controlled Kashmir

NEW DELHI January 6

Five members of a family, including a couple and three children, were killed due to suffocation in Indian-controlled Kashmir, police said Monday.

The family members were found dead Sunday night inside their rented accommodation in Pandrathan area of Srinagar city, the summer capital of Indian-controlled Kashmir.

Police have registered a case and ordered an investigation into the deaths.

"There is a possibility that the family might have been ex-posed to a dangerous combination of heating devices and improper ventilation during the cold winter night," the official said. "A forensic experts team had also arrived at the spot to collect the samples for investigation."

Police have sent the bodies for post-mortem.

**Xinhua**

# Sixth death confirmed in car-ramming attack at German Christmas market

BERLIN January 6

A sixth victim has died from injuries sustained in the car-ramming attack at a Christmas market in Magdeburg in late December, local authorities said on Monday.

The 52-year-old woman succumbed to her injuries in hospital, according to the public prosecutor's office in Naumburg, Saxony-Anhalt, where Magdeburg is the capital.

The attack occurred on Dec. 20, when a 50-year-old man drove a car into crowds at the market. The incident has so far claimed the lives of a 9-year-old boy and five women aged between 45 and 75. At least 299 people were injured.

The suspect, a doctor originally from Saudi Arabia, remains in custody.

According to the German news agency dpa, he had been involved in seven prior police investigations between April 2023 and October 2024.

Investigations into the attack are ongoing.

Authorities are assessing the suspect's mental state, and the Naumburg Public Prosecutor's Office said an expert evaluation will be commissioned to determine his mental health and level of culpability.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Does fast charging damage EV batteries? Your guide on how to charge your electric car efficiently



Degrading batteries through frequent fast charging is a concern for new EV owners but there are a lot of factors that determine if it's bad for the battery or not.

Welcome to The Switch, EuronewsNext's new mobility series for people considering making the switch to an EV.

As the pace of electrification quickens amid a growing climate crisis and an uncertain economic outlook, we'll be your companion as you make the transition from your fossil-fuelled car to electric.

Each week, we’ll offer guidance and insights from industry experts as well as aim to demystify the process and dispel misinformation.

For many, electric vehicles (EVs) represent the future of transportation and a means to reduce emissions, but they have also heralded a new lexicon of maintenance concerns.

Chief among these considerations is whether frequent use of direct current (DC) fast charging impacts the lifespan of EV batteries.

While early industry wisdom suggested that regular fast charging might degrade battery capacity over time, recent research is challenging this assumption, particularly for models equipped with advanced battery management systems.

### New findings on fast charging's impact

In a recent study, Recurrent researchers analysed data from over 13,000 EVs to assess the effects of frequent fast charging.

Contrary to laboratory predictions, data from over 160,000 real-world charging events revealed no significant difference in battery range degradation between Teslas that fast-charge frequently and those that do so sparingly.

However, the study primarily includes data from newer vehicles (2018 onwards, with most from 2021 or later), covering only about five to six years of usage. Therefore, long-term effects of fast charging remain uncertain.

All lithium-ion batteries experience gradual range loss over time, and Tesla’s batteries - fast-charged or not - show expected range degradation regardless of charging habits. Real-world range loss may vary due to factors like terrain and weather.

### How modern EVs combat battery degradation

The sophistication of battery and thermal management systems in EVs has evolved to a point where many vehicles can handle fast charging without significant degradation. Several factors contribute to this resilience.

Firstly, advanced battery management system (BMS) technology monitors and adjusts each cell’s voltage, current, and temperature in real-time.

Through this constant observation, the BMS ensures these parameters stay within safe limits, preventing overheating and overcharging. If temperatures rise too high, the BMS slows down charging or activates the cooling system to protect battery health.



Heat is a battery’s enemy, especially during high-speed charging. Modern EVs use thermal management systems (TMS) - liquid cooling or even air conditioning - to keep battery cells at a stable temperature, reducing the strain fast charging can place on the battery.

Liquid cooling systems, for example, allow cells to remain at a safe temperature even during extended fast-charging sessions.

Working alongside BMSs, TMSs enforce current limits and mitigate risks like thermal runaway, extending battery life, and making fast charging both safer and more efficient.

Battery chemistry is also highly influential. Different battery chemistries exhibit varying degrees of resilience under fast charging conditions.

Lithium Iron Phosphate (LFP) batteries, increasingly adopted by Tesla and others, are particularly robust under high charging rates.

Ultimately, selecting the right chemistry involves balancing fast-charging capability, durability, and energy density. The focus is on developing batteries that can handle higher power inputs without degrading quickly, while also being cost-effective and environmentally friendly.

### When fast charging can stress EV batteries

While fast charging is generally safe for most EVs, some conditions may still pose risks to battery longevity.

Charging in extreme temperatures - either very hot or very cold conditions - can increase battery stress, particularly if the battery isn’t preconditioned. Data from Geotab shows that fast charging in hot conditions can accelerate battery degradation.

Batteries face more resistance when charged from very low or nearly full states, which can contribute to degradation so avoid fast charging when your car battery is extremely hot, freezing cold, or at a high or low state of charge.

For this reason, many manufacturers recommend avoiding fast charging when the battery is almost empty or close to 100 percent.

High-mileage usage is also a consideration. Vehicles undergoing fast charging multiple times daily over high mileage may experience slightly more wear, although the impact is usually minimal if the BMS is functioning well.

Consistently fast-charging to 100 percent puts more strain on the battery than stopping at 80 percent, as the final charging stage tends to heat the cells more. To maximise battery lifespan, many manufacturers suggest limiting fast charging to around 80 percent.

Preconditioning the battery - heating or cooling it to an optimal temperature before charging - enables a gentler charging process. Fast charging without preconditioning, particularly in extreme temperatures, can be more harmful.

The future of fast charging

Recent studies suggest that frequent fast charging may not significantly degrade EV batteries, challenging prior assumptions.

Today’s EVs are equipped with advanced BMS, improved thermal management, and resilient chemistries like LFP to combat degradation.

Ultra-fast chargers, soon exceeding 350 kW, could cut charging times dramatically, reaching 80 percent in as little as 15 minutes.

**Euronews**

# အိန္ဒိယနှင့်အရပ်ဘက်သုံးနျူကလီးယားဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရန် အပြီးသတ်လုပ်ဆောင်လျက်ရှိဟု အမေရိကန်ပြော




**နယူးဒေလီ၊ နျူကလီးယားစွမ်းအင်**

အမေရိကန်ပြည်ထောင်စုအနေဖြင့် အိန္ဒိယကုမ္ပဏီများနှင့် အရပ်ဘက်သုံး နျူကလီးယားဆိုင်ရာ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ရန်အတွက် အတားအဆီးများ ကို ဖယ်ရှားရှင်းလင်းနိုင်ရေး အပြီးသတ် လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူ လီဗန်က ဇန်နဝါရီလ ၆ ရက်တွင် ပြော သည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် အမေရိကန်မှနျူကလီးယားဓာတ်ပေါင်းဖို များအား အိန္ဒိယသို့ထောက်ပံ့ပေးရေးနှင့် စပ်လျဉ်း၍ လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ် များမှစ၍ ဆွေးနွေးလာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ အချို့စည်းမျဉ်း များကြောင့် အဆိုပါနျူကလီးယား ဓာတ်ပေါင်းဖိုများအား နိုင်ငံအတွင်းသို့ လွှဲပြောင်းပေးရာတွင် အခက်အခဲ၊ အတား အဆီးများနှင့် ကြုံတွေ့ခဲ့ရသည်။

အိန္ဒိယနိုင်ငံသို့ အရပ်ဘက်သုံးနျူကလီး ယားနည်းပညာလွှဲပြောင်းပေးရန် အမေ ရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ် လက်ထက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ သို့သော် ယခုအခါ အမေရိကန်နှင့် အိန္ဒိယတို့ကြား နျူကလီးယားနည်းပညာ လွှဲပြောင်းပေးရေးအတွက် လိုအပ်သည့် အတားအဆီးများကို ကျော်ဖြတ်နိုင်ရန် အပြီးသတ်လုပ်ဆောင်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ် ရောက်ရှိနေသည့် ဆူလီဗန်က ပြောကြား ခြင်းဖြစ်သည်။

အမေရိကန်အနေဖြင့် အိန္ဒိယနိုင်ငံတွင် နျူကလီးယားစွမ်းအင်သုံးစက်ရုံ ၆ ခု တည်ဆောက်ပေးရန် အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံကြား သဘောတူညီချက် တစ်ရပ်ကို ၂၀၁၉ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့ကြောင်းသိရသည်။

Ref: ST

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းကျဆင်း




**ဒါကာ၊ စီးပွားရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငွေကြေးဖောင်းပွ မှုနှုန်းသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ လအတွင်း၌ ကျဆင်းလာခဲ့ကြောင်း ယင်းနိုင်ငံစာရင်းအင်းဗျူရိုက နောက်ဆုံး ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ၁၁ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့သော်လည်း ဒီဇင်ဘာလတွင် ၁၀ ဒသမ ၃၉ ရာခိုင်နှုန်းအထိ ကျဆင်းလာ ခဲ့ကြောင်း ထုတ်ပြန်ချက်များတွင် ဖော်ပြ ထားသည်။ နိုင်ငံအတွင်းငွေကြေးဖောင်းပွမှု နှုန်းကျဆင်းလာခြင်းသည် ဆောင်းသီးနှံ များနှင့် အစားအသောက်မဟုတ်သည့် ကုန်ပစ္စည်းများ၏ဈေးနှုန်းများဆက်တိုက် ကျဆင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရ သည်။

အစားအသောက်မဟုတ်သည့် ကုန် ပစ္စည်းများအတွက် ငွေကြေးဖောင်းပွမှုနှုန်း သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ၉ ဒသမ ၃၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒီဇင်ဘာလတွင် ၉ ဒသမ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု အစောပိုင်းက ထုတ်ပြန်ထားသော်လည်း နောက်ပိုင်းတွင် ၆ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။

Ref: OD, Xinhua

## သတင်းတိုကဏ္ဍ

# ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်၊ နှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံး

ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ဇန်နဝါရီလ ၆ ရက်အစောပိုင်းက ငါးဖမ်းသင်္ဘော တစ်စင်းနစ်မြုပ်သွားရာ လူနှစ်ဦးသေဆုံး ပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန် သည်။

အဆိုပါငါးဖမ်းသင်္ဘောသည် အီဘာ ရာကီစီရင်စုကမ်းလွန်တွင် ဒေသစံတော် ချိန် နံနက် ၂ နာရီ ၅ မိနစ်ခန့်တွင် နစ်မြုပ်သွားခြင်းဖြစ်သည်။ Ohama Maru No. 8 ဟု အမည်ပေးထားသည့် အဆိုပါသင်္ဘောပေါ်တွင် လိုက်ပါလာသူ အင်ဒိုနီးရှားနိုင်ငံသား ငါးဦးအပါအဝင် လူ ၁၇ ဦးကို ကမ်းခြေစောင့်တပ်ဖွဲ့က ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရ သည်။

Ref: Kyoto

........................................................

# မြောက်ကိုရီးယားက တာလတ်ပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ဟု တောင်ကိုရီးယားပြော

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီ လ ၆ ရက်တွင် နိုင်ငံ၏အရှေ့ပိုင်းရှိရေပြင် အတွင်းသို့ တာလတ်ပစ်ဒုံးကျည်တစ်စင်း ကို ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်ကထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြုံးယမ်း မြို့ကမ်းလွန်မှ နိုင်ငံအရှေ့ပိုင်းရှိ ရေပြင် အတွင်းသို့ ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် ပစ်လွှတ်လိုက်ခြင်းဖြစ်ပြီး ယင်းဒုံးကျည်သည် တာလတ်ပစ်ဒုံးကျည် အမျိုးအစားဖြစ်ကြောင်း တောင်ကိုရီး ယားစစ်ဘက်က ပြောသည်။

မြောက်ကိုရီးယားက ယခုလုပ်ဆောင် သည့် ဒုံးကျည်ပစ်လွှတ်မှုသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစ၍ ပထမဆုံး အကြိမ် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

Ref: Xinhua

# ဂျပန်နိုင်ငံမှ အသက် ၁၁၅ နှစ်အရွယ် အိုဂါကီဟာယာရှိ အမည်ရှိ အမျိုးသမီးကြီး နိုင်ငံ၏ အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်လာ

**တိုကျို၊ လူမှုရေး**

ဂျပန်နိုင်ငံမှ ကမ္ဘာ့အသက်အကြီးဆုံး အဖြစ်သတ်မှတ်ခံထားရသည့် အမျိုးသမီး ကြီးသေဆုံးပြီးနောက် ဂီဖူစီရင်စုမှ အသက် ၁၁၅ နှစ်အရွယ် အိုဂါကီဟာယာရှိအမည် ရှိ အမျိုးသမီးကြီးသည် နိုင်ငံ၏ အသက် အကြီးဆုံးဖြစ်လာကြောင်း အာဏာပိုင် အဖွဲ့က ဇန်နဝါရီလ ၆ ရက်တွင် ထုတ်ပြန် သည်။

ဟာယာရှိသည် ၁၉၀၉ ခုနှစ် စက်တင် ဘာလ ၂ ရက်တွင်မွေးဖွားခဲ့သူဖြစ်ပြီး တိုမီကို အီတူကာအမည်ရှိကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီးသည် အာရှီယာမြို့ရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် သေဆုံးသွားပြီး နောက် ဂျပန်နိုင်ငံ၏အသက်အကြီးဆုံး အမျိုးသမီးကြီးဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနက ထုတ်ပြန်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ထုတ်ပြန် ချက်များအရ ဂျပန်နိုင်ငံတွင် အသက် ၁၀၀ ကျော်အရွယ်ရှိ သက်ကြီးရွယ်အိုဦးရေမှာ ၉၅၀၀၀ ကျော်ရှိပြီး ၎င်းတို့အနက် ၈၈ ရာခိုင်နှုန်းသည် အမျိုးသမီးကြီးများဖြစ် သည်။

ဂျပန်နိုင်ငံ၏ လက်ရှိလူဦးရေ ၁၂၄ သန်း အနက် သုံးပုံတစ်ပုံမှာ အသက် ၆၅ နှစ် အရွယ် သက်ကြီးရွယ်အိုများဖြစ်ကြောင်း သိရသည်။

Ref: RNZ, KD



# ၂၀၂၄ ခုနှစ်အတွင်း မျက်စိရောဂါလူနာ တစ်သိန်းကျော် ကုသပေးနိုင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်) ၌ မျက်စိရောဂါလူနာ တစ်သိန်းကျော် ကုသပေးနိုင်ခဲ့ကြောင်း မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါကုသမှုများထဲတွင် အတွင်းလူနာ ၁၁၀၀၀ ကျော်နှင့် ပြင်ပလူနာ ၉၀၀၀၀ ကျော်ပါဝင်ပြီး အဆိုပါအတွင်းလူနာ ၁၁၀၀၀ ကျော်တွင် ခွဲစိတ်ကုသမှု ၉၀၀၀ ကျော်ကို အဓိကခွဲစိတ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အများဆုံးမှာ အတွင်းတိမ်ခွဲစိတ်မှုများဖြစ်ပြီး တခြားသော မျက်စိရောဂါများကိုလည်း အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၌ မျက်စိအတွင်းတိမ် ခွဲစိတ်ကုသမှုများ အပြင် တခြားမျက်စိရောဂါများဖြစ်သော မြင်လွှာကွာခြင်း၊ မြင်လွှာပေါက်ခြင်း၊ မျက်လုံးအိမ်နောက်ခန်းတွင် သွေးယိုစိမ့်ခြင်း၊ မျက်တွင်းရောင်ခြင်း၊ မျက်ခွံနှင့် မျက်ရည်လမ်းကြောင်းဆိုင်ရာရောဂါများ၊ ကလေးမျက်စိရောဂါများ၊ မျက်ကြည်လွှာဆိုင်ရာရောဂါများ၊ ရေတိမ်ရောဂါ၊ အတွင်းတိမ် နောက်ဆက်တွဲရောဂါများနှင့် မျက်စိအာရုံကြောဆိုင်ရာရောဂါများကို စမ်းသပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်)အနေဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မရှိ၍မလင်းသူမရှိစေရအစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မျက်စိရောဂါနှင့်အတွင်းတိမ်ရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအစီအစဉ်ကို ဖော်ဆောင်ရာတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိရောဂါနှင့်အတွင်းတိမ်ရောဂါဝေဒနာရှင်များအား ရှာဖွေဖော်ထုတ်ပြီး ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ သန်လျင်ပြည်သူ့ဆေးရုံကြီးနှင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတို့မှ မျက်စိအထူးကုဆရာဝန်များက ကြည့်ရှုစစ်ဆေးကာ ခွဲစိတ်ကုသရန်လိုအပ်သောလူနာများကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမျိုးသမီးဆေးရုံနှင့် ရန်ကုန်တက္ကသိုလ်များဆေးရုံတို့တွင် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

# မြိတ်မြို့၌ လျှင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

**မြိတ် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် မြိတ်မြို့ Regent Hotel ၌ ဇန်နဝါရီလ ၆ ရက်တွင် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့များက ငလျင်လှုပ်ခတ်ပြီး ဟိုတယ်အတွင်း သတိပေးခြင်း၊ မီးလောင်မှုကို အချက်ပေးခြင်း၊ တည်းခိုနေထိုင်သူများ သတ်မှတ်လမ်းကြောင်းအတိုင်း ဘေးလွတ်ရာသို့ ထွက်ခွာခြင်း၊ Fire Point နေရာအား မီးငြိမ်းသတ်ခြင်း၊ ပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများ ခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့်ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ/ ပျောက်ဆုံးသူများ ရှိ၊ မရှိ စာရင်းကောက်ယူစိစစ်ဆောင်ရွက်ခြင်း စသည်တို့ကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးရန် ဇာတ်တိုက်လေ့ကျင့်ကြသည်။



ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဘေးအန္တရာယ်များစွာထဲမှ ငလျင်ဘေးအန္တရာယ်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဟူသည့် စကားအတိုင်း ကြိုတင်ကာကွယ်မှုများကို စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအကြောင်းကို ကြိုတင်လေ့လာခြင်း၊ ပြင်ဆင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန် တစ်ဦးတစ်ယောက်ချင်း အသိပညာများပြည့်ဝပြီး အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဇာတ်တိုက်လေ့ကျင့်မှုကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်တို့ဖြင့် ပူးပေါင်းပါဝင်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြပြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုကြသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ဟိုတယ်၊ မိုတယ်နှင့်တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်သူများ ဘေးအန္တရာယ်ဖြစ်ပွားလာပါက စနစ်တကျ တုံ့ပြန်ဆောင်ရွက်ရမည့်နည်းလမ်းများကို သိရှိနားလည်လာမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းခရီးသွားဧည့်သည် ၅၄၅၅၇ ဦး လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းခရီးသွားဧည့်သည် ၅၄၅၅၇ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံဒေါ်ချယ်ရီမြင့်၏ ပြောပြချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ခရီးသွားဧည့်သည် ၂၀၅၆၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာလတစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၅၄၅၅၇ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကို အပန်းဖြေလာရောက်သူ ၅၄၅၅၇ ဦးအထိ ရှိခဲ့ပါတယ်။ ကမ်းခြေကို လာတဲ့ဧည့်သည်တွေထဲမှာ နေ့ချင်းပြန်လာတဲ့ဧည့်သည်ကပိုများတယ်။ ပွင့်လင်းရာသီရောက်လာပြီဖြစ်လို့ လာမယ့် ဧပြီလနဲ့ သင်္ကြန်ကာလနှစ်သစ်ကူးပိတ်ရက်တွေမှာခရီးသွားတွေ ပိုပြီးလာရောက်ကြမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီဇင်ဘာလအတွင်း ရွှေသောင်ယံကမ်းခြေကို ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာရောက်ခဲ့ကြပါတယ်" ဟု ဒေါ်ချယ်ရီမြင့်ကပြောသည်။

ရွှေသောင်ယံကမ်းခြေ၌ ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ် အပါအဝင် ဟိုတယ်နှင့်တည်းခိုရိပ်သာ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့လာရောက်သည့် ခရီးသွားများအား ဝန်ဆောင်မှုပေးလျက်ရှိသည့်အပြင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးငှားလုပ်ငန်း၊ မော်တော်ဘုတ်ငှားလုပ်ငန်း၊ မြင်းငှားလုပ်ငန်း စသည့်လုပ်ငန်းများဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တာမွေမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီလ ၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သီဆို၍လည်းကောင်း၊ မြတ်ဆရာသီချင်းကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်နှင့် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းငြိမ်းတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ထူးချွန်ဆုရရှိခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းအုပ်ဆရာမကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အမှတ်(၂၆) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၅ ဒသမ ၆၄၆၂)တန်၊ သစ်မာ (၁၉ ဒသမ ၇၅၅၄)တန်၊ အခြား (၁၃၅ ဒသမ ၈၀၉၄)တန် စုစုပေါင်း (၁၆၁ ဒသမ ၂၁၁၀) တန်၊ ယာဉ်/ ယန္တရား (၆)စီး၊ တရားခံ (၁၇)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

## တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆

ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအစပ်ရှိ တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကိုဖမ်းဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိပြီး ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ခေါ်ဆောင်လျက်ရှိပြီး ဥပဒေမဲ့ဖမ်းဆီးခြင်းများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဥပဒေမဲ့ဖမ်းဆီးပြီး လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုစိုးရိမ်ပူပန်မှုမြင့်တက်စေရန်အတွက် လုပ်ကြံရေးသားကာ ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း




သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၀˚c |
| ရန်ကုန် | ၁၈˚c | / | ၃၂˚c |
| မန္တလေး | ၁၉˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇန်နဝါရီလ ၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၁၆၇၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ တရားမဝင် မီးသွေး (၃ ဒသမ ၉၆၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၃ ရက်နှင့် ၄ ရက်**တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ငပုတောမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ တရားမဝင်အခြားသစ် (၄ ဒသမ ၃၉၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၅၇၁)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဟသ်ာတမြို့နယ်၌ လိုင်စင်မဲ့ Honda CBR 150 မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၄၅၇၁)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၅ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၌ တရားမဝင်အခြားသစ် (၂ ဒသမ ၀၀၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၉၂၀)ကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပဲခူး-ရန်ကုန်လမ်း၊ ထောက်ကြန့်လမ်းဆုံအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၆၁၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၁၃၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Noah မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၇၆၀၅၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် **ဇန်နဝါရီလ ၅ ရက်နှင့် ၆ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၌ လိုင်စင်မဲ့ Canter Truck မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၈၈၃)တန်၊ သစ်မာ(သုည ဒသမ ၄၅၂)တန်၊ အခြားသစ်(သုည ဒသမ ၇၇၀)တန်၊ ဝါးလုံး (၅၀၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၁၆၁၈၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၁၆၁၈၂)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။



အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ ဖမ်းဆီး ရမိမှု။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်၊ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၃၆၆၅၈၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေး ပြည့်မီမှုမရှိနိုင်ခြင်းကြောင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**





၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိမှု။



○ **ကျောဖုံးမှအဆက်**

One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သတင်းရရှိမှု (၅၄) ကြိမ်ရရှိခဲ့ပြီး သတင်းမှား (၁၇) ကြိမ်၊ နောက်ကျသတင်း(၁)ကြိမ်နှင့် ဖမ်းဆီးရမိမှု (၃၆) ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ (၆၅)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း (၄၅) မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးကျပ် (၁၀၂၀ ဒသမ ၃၉၁) သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် စက်လှေနှင့် လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် (၁၀၂၀ ဒသမ ၃၉၁) သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် (၂၀၄ ဒသမ ၀၇၈) သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄ ၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပျောက်ဆုံးကြောင်း**
စန်းစန်းမော်(ဘ)ဦးလှသန်း ၁၄/မအန(နိုင်) ၁၉၄၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 290108)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စောနေအောင်(ဘ)စောစိန်တုံး ၁၂/ဗဟန (နိုင်)၀၇၅၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၃၁၆၀၄၀

**ပျောက်ဆုံးကြောင်း**
ဦးမောင်သက်နွယ်(ဘ)ဦးစန်းနွယ် ၁၂/အလန(နိုင်)၀၀၂၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၂၁၄၈၂

**ပျောက်ဆုံးကြောင်း**
သင်းအိဖြူ(ဘ)ဦးလှစောမောင် ၈/တတက (နိုင်)၁၇၁၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**




## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ Paper A4(100gsm) နှင့် Paper A4(70gsm) တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.22.Stationery(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချသည့်ရက် | – | ၈-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၂၁-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ရူပဗေဒ (အထူးပြု)၂၀၂၄ ပညာသင်နှစ်၊ ၄၇ဖ-၁၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်သော မယောစေအက်၏ဖခင် ၁၃/ကတန(နိုင်)၀၂၃၀၀၀ ကိုင်ဆောင်သူ ဦးအားန(ခ)ဦးအာနမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအားန(ခ)ဦးအာန**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ မြန်မာစာ (အထူးပြု)၂၀၂၄ ပညာသင်နှစ်၊ ၄မ-၅၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်သော မနန်းကေနွန်း(ခ)မနန်းကိန္နွန်း၏ဖခင် ၁၃/မယန(နိုင်)၀၀၀၃၅၇ ကိုင်ဆောင်သူ ဦးကျသဲ(ခ)ဦးကျတဲမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျသဲ(ခ)ဦးကျတဲ**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းငယ် အ.ထ.က Grade-8 တွင် ပညာသင်ကြားခဲ့သော အာဘ ဦးကြည်ဝင်း၏သား မောင်ခန့်သူဝင်း၏အမည်မှန်မှာ ကျောင်းဝင်စာရင်းအမှတ် ၈၃၄၂ အရ မောင်ခန့်သူရဝင်းဖြစ်ပါကြောင်း။
**မောင်ခန့်သူရဝင်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ အ.ထ.က Grade-10 တွင် ပညာသင်ကြားနေသော မောင်သက်ဝေဖြိုး၏ဖခင် ဦးဖိုးဇော်၏ အမည်မှန်မှာ ဦးဇော်မင်းကို ၈/ရစက(နိုင်)၁၃၃၅၂၈ ဖြစ်ပါကြောင်း။
**ဦးဇော်မင်းကို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့နယ်၊ နမ့်လပ်အုပ်စု၊ ပြည်ငြိမ်းအေး၊ အိမ်ရာနေ ၁၂/ရပသ(နိုင်)၀၈၈၄၈၄ ကိုင်ဆောင်သူ မဆုလေးနွယ်၏ဖခင်အမည် ဦးခင်စန်းနှင့်ဦးခင်ဆန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးခင်စန်း(ခ)ဦးခင်ဆန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီ (အထူးပြု)၂၀၂၄ ပညာသင်နှစ်၊ ၄ပ-၁(ယာယီ)(၀၃၂)၊ ၄ပ-၂၁၁(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်သော မောင်အောင်ဇင်ဖြိုး၏ဖခင် ၉/လဝန(နိုင်)၁၁၁၀၅၁ ကိုင်ဆောင်သူ ဦးသန်းဝင်း(ခ)ဦးတင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသန်းဝင်း(ခ)ဦးတင်ဝင်း**

### ပျောက်ဆုံးကြောင်း
မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စံပြ(င) ရပ်ကွက်နေ မကေသွယ်မြင့်(ဘ)ဦးမြင့်လွင် ၅/ကသန(နိုင်)၁၆၈၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 590722)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၈၉၃၄၉၉

### ပျောက်ဆုံးကြောင်း
စိုးမင်းထက်(ဘ)ဦးခင်မောင်ဌေး ၁၄/မအန(နိုင်)၂၆၉၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 453024)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၇၇၇၀၁၉

### ပျောက်ဆုံးကြောင်း
မင်းဇော်လင်း(ဘ)ဦးလှအေး ၈/အလန(နိုင်)၁၃၉၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ထွန်းအောင်ကျော်(ဘ)ဦးဝင်းထွန်း ၉/ပကခ(နိုင်)၀၇၁၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၄၁၃၄၄၇

### ပျောက်ဆုံးကြောင်း
ရန်နိုင်ထက်(ဘ)ဦးဆန်းအောင် ၃/ဘအန(နိုင်)၄၄၃၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 958143)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ယဉ်ကေသွယ်(ဘ)ဦးရွှေယောက် ၈/မကန(နိုင်)၀၆၀၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၄၄၄၂၂၄

### ပျောက်ဆုံးကြောင်း
အိကေခိုင်ကျော်(ဘ)ဦးအဏ္ဏဝါလှမြင့် ၁၂/ကမတ(နိုင်)၀၉၃၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၆၀၂၇၉၉

### ပျောက်ဆုံးကြောင်း
လဲ့လဲ့ဝင်းထွဋ်(ဘ)ဦးစိုးမြင့် ၁၂/သလန(နိုင်)၀၇၉၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 290259)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၇၉၀၅၂၄၃

### ပျောက်ဆုံးကြောင်း
ကြီးငွေ(ဘ)ဦးမောင်ရှင် ၁၂/သကတ(နိုင်)၁၃၇၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၆၀၇၇၇၁

### ပျောက်ဆုံးကြောင်း
ကောင်းဆက်ပိုင်(ဘ)ဦးလှမိုး ၁၂/သဃက(နိုင်)၁၈၈၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၀၉၅၉၀၀

### ပျောက်ဆုံးကြောင်း
ဝမ်တုန်(ဘ)ဦးပေါက်ချိုက် ၁၃/တယန(နိုင်)၀၉၂၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 448888)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၆၆၁၂၃၄၅

### ပျောက်ဆုံးကြောင်း
သဇင်ဦး(ဘ)ဦးကျော်စိုး ၁၃/တယန(နိုင်)၀၉၆၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 493056)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၂၁၉၈၄၃၃

### ပျောက်ဆုံးကြောင်း
ထားထားလှိုင်(ဘ)ဦးတင်ထွန်း ၁၂/ဗဟန(နိုင်)၀၈၈၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ညီမင်းထက်(ဘ)ဦးညီညီလွင် ၁၄/ဝခမ(နိုင်)၃၃၂၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

### ပျောက်ဆုံးကြောင်း
တင်တင်လှ(ဘ)ဦးဘစိန် ၁၂/လမန(နိုင်)၁၂၈၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သီဟဖြိုး(ဘ)ဦးမျိုးဝင်း ၉/ရမသ(နိုင်)၂၃၄၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးစိုး(ဘ)ဦးဝင်းမြင့် ၉/ပဘန(နိုင်)၁၅၄၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မနွေကြည်(ဘ)ဦးယုချိန် ၁၃/မရန(နိုင်)၀၅၂၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပိုင်သန့်ဇင်ထွန်း(ဘ)ဦးသန်းထွန်း ၁၂/သခန(နိုင်)၁၃၆၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 540182)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၆၇၀၆၂၄

### ဖခင်အမည်မှန်
ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ်(၁၃၅)နေ ဒေါ်သန်းဌေး ၇/ပခန(နိုင်)၀၂၀၁၉၇ ကိုင်ဆောင်သူ၏ဖခင်အမည်မှာ ဦးစံထွန်း(ခ)ဦးချန်ထွန်းဖြစ်ပါကြောင်း။
**ဦးစံထွန်း(ခ)ဦးချန်ထွန်း**

### ပျောက်ဆုံးကြောင်း
ဝင်းကိုထွန်း(ဘ)ဦးဝင်းရှိန် ၇/မလန(နိုင်)၁၃၁၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 875409)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၂၇၃၃၀၈၂

### ပျောက်ဆုံးကြောင်း
အောင်ဆွေမြင့်(ဘ)ဦးမြင့်အောင် ၅/ကလထ(နိုင်)၁၆၀၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 107983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၀၀၀၁၁၁

### ပျောက်ဆုံးကြောင်း
ချစ်မင်းသူ(ဘ)ဦးမြစိန် ၁၂/တတန(နိုင်)၂၂၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 233979)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၁၉၃၃၉

### ပျောက်ဆုံးကြောင်း
သော်ထက်နောင်(ဘ)ဦးဇော်ဝင်း ၁၂/အစန(နိုင်)၂၄၄၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 830743)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၄၆၇၂၅၅

### ပျောက်ဆုံးကြောင်း
အောင်မြကျော်(ဘ)ဦးမြကျော်ထွန်း ၁၂/ကတတ(နိုင်)၀၀၂၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၃၉၀၅၈

### ပျောက်ဆုံးကြောင်း
သူရမင်းခင်(ဘ)ဦးဇော်ခင် ၁၂/သဃက(နိုင်)၂၂၅၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၅၈၀၇၃

### ပျောက်ဆုံးကြောင်း
သက်အောင်(ဘ)ဦးနေဝင်း ၁၂/အစန(နိုင်)၁၁၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၄၀၂၄၀

### ပျောက်ဆုံးကြောင်း
ကြည်ကြည်ဝင်း(ဘ)ဦးတင်ဟန် ၁၂/ဗတထ(နိုင်)၀၃၂၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 116929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၂၀၁၆၇၄

### ပျောက်ဆုံးကြောင်း
ခိုင်သဉ္ဇာဦး(ဘ)ဦးသိန်းဆွေ ၇/ပတတ(နိုင်)၁၅၄၉၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 116642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၃၁၉၉၉၆

### ပျောက်ဆုံးကြောင်း
အောင်ဝင်းကျော်(ဘ)ဦးစံရွှေကျော် ၁၁/မဥန(နိုင်)၀၇၀၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 153985)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၃၄၈၈၈

### ပျောက်ဆုံးကြောင်း
ဦးမိုး(ဘ)ဦးခင် ၁၂/လမန(နိုင်)၀၈၉၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၂၃၇၉၂

### ပျောက်ဆုံးကြောင်း
မိုးနီလာ(ဘ)ဦးဘိုးကြီး ၆/ဘပန(နိုင်)၀၁၉၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 162371)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၂၀၀၅၂၁

### ပျောက်ဆုံးကြောင်း
တင်ဝင်းကျော်(ဘ)ဦးမောင်မောင် ၈/စလန(နိုင်)၁၀၂၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၀၀၁၃၀

### ပျောက်ဆုံးကြောင်း
သင်းသင်းအောင်(ဘ)ဦးကြီးငွေ ၁၂/မရက(နိုင်)၁၅၄၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 017689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၄၀၈၅၈၃၆၀

### ပျောက်ဆုံးကြောင်း
ပန်းဖြူဖြူခင်(ဘ)ဦးစိုးလွင် ၆/မမန(နိုင်)၁၈၂၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 374348)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၁၃၄၁၄၅

### ပျောက်ဆုံးကြောင်း
ဝင်းနိုင်ဦး(ဘ)ဦးသိန်းမောင် ၁၂/လမန(နိုင်)၀၄၇၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၆၃၃၇၆၁

### ပျောက်ဆုံးကြောင်း
အောင်ကိုကို(ဘ)ဦးစိုးမြင့် ၇/ပတန(နိုင်)၀၀၁၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၃၀၄၀၇၀

### ပျောက်ဆုံးကြောင်း
ကျော်ဇင်ဝင်း(ဘ)ဦးဘိုသိန်း ၉/နထက(နိုင်)၁၉၆၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 505216)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၂၈၈၉၁၁

### ပျောက်ဆုံးကြောင်း
စိုးဝဏ္ဏ(ဘ)ဦးစိုးညွန့် ၁၂/မဂဒ(နိုင်)၁၄၁၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 129697)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ တောင်ထန်းကုန်းအုပ်စု၊ မြင်းကကွင်းရွာနေ မဝင်းမာကျော်(ဘ)ဦးကျော်စိန် ၁၄/ပသန(နိုင်)၁၉၇၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 465633)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
တောင်ကုတ်မြို့၊ ဂူကာရပ်ကွက်နေ မောင်ဇင်မောင်နိုင်(ဘ)ဦးတင်မြင့် ၁၁/တကန(နိုင်)၀၉၄၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်၊ ဦးပေါ်ဦးလမ်းနေ ဒေါ်ခင်ခင်မော်(ဘ)ဦးကျော်ငြိမ်း ၁၀/မလမ(နိုင်)၀၇၆၃၈၈ ကိုင်ဆောင်သူ နိုင်ငံကူးလက်မှတ်အမှတ်(MI 178534)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၁၃၁၈၂၆၅

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်၊ ချစ်ကြည်ရေးလမ်းနေ တင်နိုင်စိုး(ဘ)ဦးတင်မောင် ၁၀/မလမ (နိုင်)၀၃၂၇၁၅ ကိုင်ဆောင်သူ နိုင်ငံကူးလက်မှတ်အမှတ်(MI 376787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၇၆၉၄၆၁

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၂) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ တိုးမြင့်အောင်(ဘ)ဦးလှသိန်း ၁၂/ဒပန(နိုင်)၀၃၉၇၈၃ ကိုင်ဆောင်သူ နိုင်ငံကူးလက်မှတ်အမှတ်(MI 593171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၃၃၂၂၉၈

### ပျောက်ဆုံးကြောင်း
ဆွေဆွေဝင်း(ဘ)ဦးခင်သိန်း ၁၂/ဗဟန(နိုင်)၀၇၅၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 129149)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၆၃၃၃၄၄

**အလိမ္မာစာမှာရှိ**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးမက္ကဆီကိုကစားသမားအဖြစ် ဖူလ်ဟမ်အသင်းမှ ဂျီမီနက်စ်မှတ်တမ်းဝင်

လန်ဒန် ဇန်နဝါရီ ၆

ပရီးမီးယားလိဂ်ပြိုင်ပွဲအဖြစ် ဖူလ်ဟမ်အသင်းနှင့် အစ်ဗ့စ်ချ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းကစားသမား ဂျီမီနက်စ်သည် အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးမက္ကဆီကိုကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဖူလ်ဟမ်အသင်းနှင့် အစ်ဗ့စ်ချ်အသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ဂျီမီနက်စ်သည် ပွဲချိန် ၆၉ မိနစ်နှင့် ၉၁ မိနစ်တို့တွင် အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်သွင်းဂိုး ၅၅ ဂိုးရှိလာခဲ့ကာ မန်ယူအသင်းကစားသမားဟောင်း ဟာနန်ဒက်ကို ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးမက္ကဆီကိုကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဟာနန်ဒက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်း၌ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ကစားခဲ့ပြီး ၃၇ ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ဝက်စ်ဟမ်းအသင်း၌လည်း ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကစားခဲ့ပြီး ၁၆ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၅၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂျီမီနက်စ်မတိုင်မီက ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံး မက္ကဆီကိုကစားသမားအဖြစ် ရပ်တည်ခဲ့သော်လည်း ယခုအခါ ဂျီမီနက်စ်က ဟာနန်ဒက်ကို နှစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျီမီနက်စ်သည် ၂၀၁၈ ခုနှစ်က ဝုဗ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ စတင်ရောက်ရှိခဲ့ပြီးနောက် ဝုဗ်အသင်း၊ ဖူလ်ဟမ်အသင်းတို့နှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၅၅ ဂိုးအထိရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျီမီနက်စ်သည် ယခုဘောလုံးရာသီတွင် ဖူလ်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိကာ ရှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။ Ref;One Football

## Mitsubishi Electric Cup ပြိုင်ပွဲတွင် ထိုင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရရှိပြီး ဗီယက်နမ်အသင်း သုံးကြိမ်မြောက် ချန်ပီယံဆုဆွတ်ခူး




ဘန်ကောက် ဇန်နဝါရီ ၆

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် Mitsubishi Electric Cup ပြိုင်ပွဲ၌ ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် ၅ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် Mitsubishi Electric Cup ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် ၄ ဂိုး- ၃ ဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ကာ ဗီယက်နမ်အသင်းသည်လည်း စင်ကာပူအသင်းနှင့်ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် ၅ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

Mitsubishi Electric Cup ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် ပထမအကျော့ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းအိမ်ကွင်း၌ ကစားခဲ့စဉ်က ဗီယက်နမ်အသင်းက ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိကာ ဒုတိယအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းအိမ်ကွင်း၌ကစားခဲ့ရာ ဗီယက်နမ်အသင်းက ၃ ဂိုး- ၂ ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ၅ ဂိုး-၃ ဂိုးဖြင့်အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအပြီးတွင် ချန်ပီယံဆုကို ဗီယက်နမ်အသင်းကလည်းကောင်း၊ ဒုတိယဆုကို ထိုင်းအသင်းကလည်းကောင်း၊ သွင်းဂိုးအများဆုံးကစားသမားဆုကို ဗီယက်နမ်အသင်းမှ ငုယင်ဇမ်ဆွန်က သွင်းဂိုး ခုနစ်ဂိုးဖြင့်လည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကိုလည်း ဗီယက်နမ်အသင်းမှ ငုယင်ဇမ်ဆွန်ကလည်းကောင်း၊ အကောင်းဆုံးလူငယ်ကစားသမားဆုကို ထိုင်းအသင်းမှ မူအန်တာကလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုကိုလည်း ဗီယက်နမ်အသင်းမှ ငုယင်ဒင်တာအူကလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့ကြခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် ၂၀၀၈ ခုနှစ်ပြိုင်ပွဲနှင့် ၂၀၁၈ ခုနှစ်ပြိုင်ပွဲတို့တွင်လည်း ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင်လည်း ထပ်မံဆွတ်ခူးနိုင်ခဲ့သည့်အတွက် ချန်ပီယံဆုကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သည်။

Ref;ASEAN Football

## လီဗာပူးအသင်းပရိသတ်များက ဆာလက်ချ်၊ ဗန်ဒိုက်နှင့် အာနိုးတို့ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုပေးရန်တောင်းဆို

လန်ဒန် ဇန်နဝါရီ ၆

လီဗာပူးအသင်းပရိသတ်များက လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းမှ အဓိက ကစားသမားသုံးဦးဖြစ်သည့် ဆာလက်ချ်၊ ဗန်ဒိုက်နှင့် အာနိုးတို့ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုပေးရန် အသင်းပိုင်ရှင်များထံ တောင်းဆိုမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်း ချန်ပီယံဆုဖလားများဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်းဘောလုံးရာသီများ၌ အောင်မြင်မှုများ ရယူနိုင်ခဲ့ရာတွင် ၎င်းတို့သုံးဦးသည် အဓိက ကစားသမားများအဖြစ်ပါဝင်ခဲ့ကြကာ ယခုဘောလုံးရာသီတွင် လီဗာပူးအသင်း ပရီးမီးယားလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိရာတွင်လည်း အဓိက ကစားသမားအဖြစ် ခြေစွမ်းပြလျက်ရှိသူများဖြစ်သည့်အတွက် လီဗာပူးအသင်းပရိသတ်များက မန်ယူအသင်းနှင့်ပွဲစဉ်တွင် ပွဲကြည့်စင်ထက်မှ ဆိုင်းဘုတ်များကိုင်ဆောင်ကာ တောင်းဆိုမှုပြုလုပ်ခဲ့သည်။

လီဗာပူးအသင်းနှင့် ဆာလက်ချ်၊ ဗန်ဒိုက်၊ အာနိုးတို့သည် ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လီဗာပူးအသင်းအနေဖြင့် ၎င်းတို့သုံးဦးစလုံးကို စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ လက်လွှတ်ရဖွယ်ရှိနေကြောင်း သိရသည်။ Ref;Fabrizio Romano

## ဘာစီလိုနာအသင်းက အိုလ်မိုနှင့် လူငယ်ကစားသမား ပေါလ်ဗစ်တာတို့ကို အသင်းကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန် ဆက်လက်ကြိုးပမ်းနေ

ဘာစီလိုနာ ဇန်နဝါရီ ၆

ဘာစီလိုနာအသင်းက အသင်းမှ ကွင်းလယ်ကစားသမား အိုလ်မိုနှင့် လူငယ်ကစားသမား ပေါလ်ဗစ်တာတို့ကို အသင်းကစားသမားစာရင်း မှတ်ပုံတင်နိုင်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် လက်ရှိအသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် အိုလ်မိုနှင့် ပေါလ်ဗစ်တာတို့ကို လက်ကျန်ဒုတိယဘောလုံးရာသီဝက်အတွက် အသင်းကစားသမားစာရင်း မှတ်ပုံတင်နိုင်ခြင်းမရှိသေးဘဲ ကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန် စပိန်လာလီဂါအဖွဲ့ချုပ်နှင့် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ထံ အယူခံတင်သွင်းခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် လက်ရှိအချိန်ထိ အသင်းကစားသမားစာရင်း မှတ်ပုံတင်နိုင်ခြင်းမရှိသေးဘဲ ရှုန်းကန်နေရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ၎င်းတို့နှစ်ဦးကို ကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန်အတွက် နောက်ဆုံးအနေဖြင့် အားကစားခုံရုံးအထိ ဆက်လက်အယူခံတင်သွင်းရန် ပြင်ဆင်နေပြီး အားကစားခုံရုံးကလည်း ပယ်ချခဲ့မည်ဆိုပါက ဘာစီလိုနာအသင်းအနေဖြင့် အိုလ်မိုနှင့် ပေါလ်ဗစ်တာတို့ကို လက်လွှတ်ရမည်ဖြစ်သည့်အတွက် ၎င်းတို့နှစ်ဦးအနေဖြင့် ကလပ်အသင်းလက်မဲ့ကစားသမားများဖြစ်လာမည်ဖြစ်ပြီး လက်ရှိဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရဖွယ်ရှိကြောင်း သိရသည်။ Ref;Fabrizio Romano





# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady. net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady. net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀) ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။


၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ဖိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူး၊ကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။
ဖုန်း။ ၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking Services and i Banking Services
Foreign Banking Services
မှန်သည်
မြန်သည်
မြဝတီ
Phone: (01) 2301367, 2301368, 2301452, 2301378

- ❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ် . . .
- ❖ စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန်ဆောင်ရွက်ရမည်ဖြစ် . . .
- ❖ တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို . . .
- ❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို . . .
- ❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေးဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံကူးလက်မှတ်(အတု)များဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တရားမဝင် အလုပ်သမားပို့ဆောင်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားလုံခြုံရေးပူးပေါင်းအဖွဲ့သည် မြဝတီမြို့မှ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(TBP)ဖြင့် ထွက်ခွာမည့် သက်နန္ဒာဝင်းကခေါ်ဆောင်လာသည့် တောင်တွင်းကြီးမြို့နယ်နေ မနှင်းအိဖြူပါ အမျိုးသမီးငယ် ၃ ဦးအပါအဝင် မြန်မာလူငယ် ၁၁ ဦးထံမှ မြန်မာနိုင်ငံကူးလက်မှတ်အတု ၁၁ အုပ်ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စိစစ်မေးမြန်းချက်များအရ ၁၁ ဦးအနက် မနှင်းအိဖြူပါ ၉ ဦးအား ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း(အထက်)၊ ဒုတိယထပ်၊ အမှတ်(၂၂၀)ရှိ One Asia အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ

**စာမျက်နှာ ၁၅ ကော်လံ ၄ ⊃**

မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သည့်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ




မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်ရာတွင်အသုံးပြုသည့်သက်သေခံပစ္စည်းများ။

## အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချ နေထိုင်နိုင်ရေး လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

စာ - ၁၆ သို့

## ထူးခြားသည့်ညအပူချိန်များ

၆-၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော့ | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့်

**စာမျက်နှာ ၂၆ ကော်လံ ၃ ◯**







၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိမှု။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား ဖျာဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563